မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၁၁)

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဩဂုတ် ၁၁

၂၀၁၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၉) နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ ***စာမျက်နှာ ၃ ကော်လံ ၆*** ✻

အိန္ဒိယ - မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ဆဲ စီမံကိန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စစ် ဆူ့ရှ်မားဆွာရာ့ဂ်ျ ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲက နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အိန္ဒိယ-မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ဆဲ စီမံကိန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ တရုတ်-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်-မြန်မာ-စီးပွားရေးစင်္ကြံကိစ္စ၊ အိန္ဒိယ-မြန်မာ-ထိုင်း ဆက်သွယ်ရေးလမ်းကြောင်း တည်ဆောက်ရေး၊ ကုလားတန်မြစ်ကြောင်း စီမံကိန်း၊ နယ်စပ်ကုန်သွယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ ပြည်သူချင်း ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂေါ်တန်မူခိုပါဒါယ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီး မစ္စစ် ဆူ့ရှ်မားဆွာရာ့ဂ်ျအား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တရုတ်၊ ဥရောပနှင့် အိန္ဒိယနိုင်ငံတို့အတွက် အရေးပါသည့်မူဆယ်မြို့

ဘာသာပြန် ➤ ထန်ဆွင်း

ဩဂုတ် ၂ ရက်ထုတ် ယူကေ သတင်းစာ တစ်စောင်ဖြစ်သော Financial Times UK က မြန်မာနိုင်ငံရှိ မူဆယ်မြို့နှင့် အိမ်နီးချင်း တရုတ်နိုင်ငံရှိ ရွှေလီမြို့တို့သည် အစည်ကားဆုံး မြန်မာ-တရုတ် နယ်စပ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ စီမံကိန်းများ အထမြောက်ပါက မူဆယ်မြို့သည် လာမည့်ဆယ်စုနှစ်အရောက်တွင် ကမ္ဘာ့ကုန်သွယ်မှု အကြီးမားဆုံး တရုတ်နိုင်ငံ၊ ဥရောပနှင့် အိန္ဒိယနိုင်ငံတို့ရှိ စားသုံးသူများအကြား အရေးပါသော စင်္ကြံလမ်းအတွင်းသို့ ဝင်ရောက်ရာလမ်းကြောင်း တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံရေး အသွင်ကူးပြောင်းမှုကို ဖော်ဆောင်လျက်ရှိရာ မူဆယ်မြို့သို့ သွားရောက်လည်ပတ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးကို မှန်းဆနိုင်ကြောင်း၊ မန္တလေးမြို့မှ မူဆယ်မြို့သို့ ကားဖြင့်သွားပါက ၁၃နာရီခန့်ကြာမြင့်နိုင်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားရှိသည်။

မြို့ မူဆယ်ရဲ့ မြင်ကွင်းအလှ။ (ဓာတ်ပုံ-ရွှေလီဦး)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၂၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့စွဲပါ အမိန့်အမှတ်(၄၈/၂၀၁၃)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **“ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ”**တွင် အဖွဲ့ဝင် ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ဗိုလ်ချုပ်တင်အောင်ချစ်၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

CHNT ELECTRIC SHOWROOM (ပြည်လမ်း)

ကို အမှတ် (95/A)၊ ဝေဇယန္တာလမ်း၊ ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊
တောင်ဥက္ကလာပမြို့နယ်သို့ပြောင်းရွှေ့ဖွင့်လှစ်ထားပြီဖြစ်ကြောင်း
မိတ်ဟောင်း၊ မိတ်သစ်များအားသတင်းကောင်းပါးအပ်ပါသည်။

Ph: 01- 577755, 09-73722888, 09-73822888

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တရားရုံးများ၏ဂုဏ်သိက္ခာ

အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဟူ၍ အဓိကမဏ္ဍိုင်ကြီးသုံးရပ်ရှိရာတွင် တရားစီရင်ရေးမဏ္ဍိုင်သည် ပြည်သူများ၏ ပြစ်မှုဆိုင်ရာများအတွက် ဥပဒေနှင့်အညီ အမှားအမှန် ဆန်းစစ်ဝေဖန်ပိုင်းခြားပြီး အမှန်တရားဘက်ကရပ်တည်ပေးရသော မဏ္ဍိုင်ပင်ဖြစ်သည်။ ဤသို့ အမှန်တရားဘက်က မှန်မှန်ကန်ကန်ရပ်တည်ခြင်းဖြင့် ပြည်သူများ၏ ယုံကြည်ကိုးစားမှုများ ရရှိလာပြီး တရားရုံးများ၏ဂုဏ်သိက္ခာသည်လည်း မြင့်မားလာမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေးအာဏာသည် အများအကျိုးနှင့်အမှန်ကိုဖြစ်စေရန် ပြည်သူကယုံကြည်အပ်နှံထားသည့် အာဏာဖြစ်သည်ကို မပြတ် သတိချပ်ရမည်ဖြစ်ပါကြောင်း၊ တရားရုံးများသည် အမှားအမှန်ကိုခွဲခြားဝေဖန်ပြီး တရားမျှတမှုနှင့် သင့်မြတ်မှုကိုပေးနိုင်မှ တရားရုံးများ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူကို အကျိုးပြုသည့်၊ ပြည်သူက ယုံကြည်အားကိုးသည့် တရားစီရင်ရေးစနစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ဩဂုတ် ၇ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ပြောကြားခဲ့သည်။

မှန်ပါသည်။ တရားစီရင်ရေးဟူသည်မှာ အမှားအမှန်ကို ခွဲခြားဆန်းစစ်ဝေဖန်၍ မှန်ကန်မျှတမှုကို ဖြစ်စေရမည်ဖြစ်ပါသည်။ အမှန်ကိုဖော်ထုတ်၍ တရားစီရင်ရာတွင် မျှတရန်လိုအပ်သကဲ့သို့ ဥပဒေနှင့်ညီညွတ်ရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့်လည်း တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများသည် အဂတိတရားကင်းရှင်းစွာဖြင့် အမှုအခင်းများတွင် မှန်ကန်မျှတသော တရားများကို အမှန်တရားဘက်မှရပ်တည်၍ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိဖြင့် ပြဋ္ဌာန်းဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ အမှုများစစ်ဆေးခဲ့ရာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၈၈၆ မှု လက်ခံရရှိပြီး ၅၉၄ မှု စစ်ဆေးပြီး၍ စစ်ဆေးဆဲ ၂၉၂ မှု ကျန်ရှိနေကြောင်းသိရသည်။ တရားမအမှုပေါင်း ၁၆၉၄ မှုလက်ခံရရှိပြီး ၉၃၉ မှု စစ်ဆေးပြီးပြတ်၍ စစ်ဆေးဆဲ ၇၅၅ မှု ကျန်ရှိကြောင်း သိရပါသည်။ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၌ လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်တရားရုံးများ၌လည်းကောင်း ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို အများစုစစ်ဆေးပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

တစ်ဖန် ကလေးသူငယ်တရားရုံးများ၌ ကလေးသူငယ်ဥပဒေအရ စွဲဆိုသောအမှုများ၊ စည်ပင်သာယာရေးရုံးများတွင် စည်ပင်သာယာဥပဒေအရ စွဲဆိုသောအမှုများ၊ မော်တော်ယာဉ်တရားရုံးများတွင် မော်တော်ယာဉ်ဥပဒေအရ စွဲဆိုသောအမှုများကိုလည်း ပြီးပြတ်အောင်စစ်ဆေးနိုင်ကြောင်း သိရသည်။ ဤအချက်များကို ထောက်ရှုလျက် ယနေ့တရားစီရင်ရေးမဏ္ဍိုင်သည် မှန်မှန်နှင့်မြန်မြန် ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူကိုဗဟိုပြုသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေချိန် ဖြစ်ပါသည်။ နေရာတိုင်းတွင် မှန်ကန်မှုနှင့် တရားမျှတမှုသည် အရေးကြီးပါသည်။ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများနှင့် ရှေ့နေရှေ့ရပ်အားလုံးတို့က အဂတိတရားကင်းရှင်းစွာဖြင့် အမှန်တရားဘက်မှ အမြဲရပ်တည်သွားခြင်းဖြင့် တရားရုံးများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းရေးဆွဲထားသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းရေးဆွဲထားသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (National Electrification Plan)နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်နှင့် ဦးကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးများ၊ ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး ကော်မတီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီး/ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ World Bank အတိုင်ပင်ခံအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကမ္ဘာ့ဘဏ်အဖွဲ့၏ အတိုင်ပင်ခံပညာရှင်များက National Electrification Plan ရေးဆွဲရာ၌ လေ့လာတွေ့ရှိချက်များအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားမရရှိသေးသည့်ဒေသများကို လျှပ်စစ်ဓာတ်အားပေးနိုင်မည့် နည်းလမ်းများ၊ လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေခန့်မှန်းတွက်ချက်မှုတို့ကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်အဖွဲ့က လေ့လာရေးဆွဲနေသည့် ယခုစီမံချက်ကို ကဏ္ဍစီမံချက် Sector-Wise အနေဖြင့်သာမက ဒေသန္တရစီမံချက် Region-Wise နှင့်လည်း လိုက်လျောညီထွေအကောင်အထည်ဖော်ဆောင်ရွက်ရန် အသုံးပြုနိုင်မည့် စီမံချက် တစ်ခုဖြစ်ရန် လိုအပ်သည့်အတွက် တာဝန်ရှိသူများအား ဖိတ်ကြား၍ ရှင်းလင်းဆွေးနွေးရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်မြို့နယ်၊ ကျေးရွာအနှံ့လျှပ်စစ်ဓာတ်အားရရှိရေးကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးက နည်းလမ်းအမျိုးမျိုးနှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဂျပန်နိုင်ငံ JICA ၏ ချေးငွေဂျပန်ယန်း ၄ ဒသမ ၇၉၆ ဘီလီယံဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခု၌ရှိသည့် ကျေးရွာပေါင်း ၁၂၈ ရွာကို ဒီဇယ်ဓာတ်အားပေးစက်များနှင့်လည်းကောင်း၊ အခြားကျေးရွာ ၃၁ ရွာကို ဓာတ်အားစနစ်ဖြင့် တိုးချဲ့ဆက်သွယ်၍ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများတိုးချဲ့တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် Solar Home System များ တပ်ဆင်ပေးခြင်းစသည့် အခြားနည်းလမ်းအမျိုးမျိုးဖြင့် ကျေးရွာလျှပ်စစ်မီးရရှိရေးကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနအဖွဲ့အစည်းအသီးသီးက ဆောင်ရွက်သည့် လုပ်ငန်းများသည် လျှပ်စစ်မီးရရှိရေး ရည်ရွယ်ချက် တစ်ခုတည်းသာဖြစ်သည့်အတွက် နေရာဒေသတစ်ခုတည်းမှာ လုပ်ငန်းထပ်နေခြင်းမျိုး မဖြစ်မှသာ ဘဏ္ဍာငွေကြေးသုံးစွဲမှုမှာ ထိရောက်အကျိုးရှိမည် ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်မှဒုတိယအချက်အနေဖြင့် အကြံပြုသည်မှာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် နေရာများမှ အိမ်ထောင်စုပေါင်း ၇ ဒသမ ၂ သန်းခန့် လျှပ်စစ်ဓာတ်အားရရှိရေးကို ရန်ကုန်မြို့အနီး ဒေသများအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ဓာတ်အားဖြန့်ဖြူးရေးစနစ်မှ ဆက်သွယ်ပေးခြင်း၊ အခြားဒေသများအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၏ ဓာတ်အားဖြန့်ဖြူးရေးစနစ်မှ ဆက်သွယ်ပေးခြင်း၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု Mini Grid ဖြင့် ဆက်သွယ်ပေးခြင်းနှင့် Solar-home System ကဲ့သို့ တစ်အိမ်ချင်း လျှပ်စစ်ဓာတ်အားရရှိစေခြင်းစသည့် နည်းလမ်းများနှင့် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ လက်ရှိနှင့် နောင်တိုးချဲ့မည့်မဟာဓာတ်အားလိုင်းများ၏ ၂၅ ကီလိုမီတာပတ်လည်အတွင်း စုစုပေါင်းလူဦးရေ၏ ၉၂ ရာခိုင်နှုန်းနှင့် ၅၀ ကီလိုမီတာပတ်လည်အတွင်း စုစုပေါင်းလူဦးရေ၏ ၉၉ ရာခိုင်နှုန်း နေထိုင်ကြသည့်အတွက် National Grid မှ တိုးချဲ့ပေးခြင်းနည်းလမ်းများ ဆောင်ရွက်သင့်ကြောင်းကို အကြံပြုထားပါကြောင်း။

National Electrification Plan သည် ဓာတ်အားဖြန့်ဖြူးမှု Distribution အပိုင်းအတွက် လေ့လာရေးဆွဲသည့် စီမံချက်ဖြစ်သည့်အတွက် တိုးတက်သုံးစွဲရန် လိုအပ်သည့်ဓာတ်အားကို ထုတ်လုပ်ပေးရမည့် Generation အပိုင်းတွင် ဓာတ်အားပေးစက်ရုံအသစ်များ တိုးချဲ့တည်ဆောက်ပေးရန်၊ Transmission အပိုင်းတွင်လည်း မဟာဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ရန်တို့အတွက် JICA ၏ အကူအညီနှင့် Master Plan ရေးဆွဲခဲ့သည်မှာ ယခုဆိုလျှင် Final Draft ပြီးစီးနေပြီဖြစ်ပါကြောင်း၊ Generation နှင့် Transmission အပိုင်းတို့အတွက် သီးခြားရင်းနှီးမြှုပ်နှံမှု ထပ်မံလိုအပ်ဦးမည် ဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးကို ဌာန/အဖွဲ့အစည်းအားလုံးက ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေးကို မိမိဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း ပိုမိုအောင်မြင်မှုရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်၌ World Bank မှ Mr.Alex Sundakov နှင့် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် ဦးမော်သာထွေးတို့က လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်သည် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား အသုံးမပြုနိုင်သေးသည့် အိမ်ထောင်စုများအတွက် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်မည့် အစီအမံဖြစ်၍ မြို့နှင့်ကျေးလက်ဒေသ ပြည်သူအားလုံးအတွက် လွှမ်းခြုံသော အစီအမံဖြစ်သည့် အပြင် စီမံချက်အပြီးသတ်ရေးဆွဲပြီး လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် ကုန်ကျစရိတ်နည်း၍ အကျိုးရှိခြင်း၊ ရေရှည်အသုံးပြုနိုင်ခြင်း၊ စိတ်ချယုံကြည်ရပြီး လိုအပ်သောဓာတ်အားပမာဏကို ရေရှည်လုံလောက်စွာ သုံးစွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း စုပေါင်းသွေးလှူ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်းမှ အသင်းသား အသင်းသူ ၁၂၀ တို့သည် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီ က ရန်ကုန်မြို့အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ၌ တက်ရောက် ဆေးဝါးကုသမှုခံယူနေသော လူနာများအသုံးပြုရန် (၁၈) ကြိမ်မြောက်အဖြစ် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

အမှတ် (၂) တပ်မတော်ဆေးရုံ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီက နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဆင့် ဆက်ဆံရေး ဆက်လက်မြှင့်တင်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ တရုတ်-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်-မြန်မာ စီးပွားရေးစင်္ကြံကိစ္စ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်တည်ထောင်ရေး၊ နိုင်ငံအတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အသေးစားချေးငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေကြေးလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဟိုလန်၊ အာဆီယံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စစ် ယန်ဇီပင်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏(၄၉) နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိဆုယုံ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိဆုယုံ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) မှ ဌာနေ ကိုယ်စားလှယ် Mr.Jurg Montani နှင့် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်လျက်ရှိသည့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးကိစ္စများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖြစ်ထွန်းရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများဖွင့်လှစ်အကောင်အထည်ဖော်နေမှုများ၊ ICRC အနေဖြင့် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)တို့တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နေမှုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စင်ကာပူအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၁

၂၀၁၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင်ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၉)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေရှန်မူဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဝန်ထမ်းတိုက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက အင်ကြင်းအိမ်ရာ တိုက်အမှတ်(၁၃၂၉) သို့ သွားရောက်စစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ဝန်ထမ်းတိုက်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်ထားမှု၊ ဝန်ထမ်းများ၏သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့မှု၊ ဇီဝကဆေးခန်းကို အင်္ဂါနှင့်ကြာသပတေးနှစ်ရက်တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိဖွင့်၍ အခမဲ့ဆေးဝါးကုသပေးမှုများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စု ရှေ့နေချုပ်သည် တိုက်အမှတ် (၁၃၂၉)၊ တိုက်အမှတ်(၁၃၃၀)၊ တိုက်အမှတ် (၁၃၇၅)နှင့် တိုက်အမှတ် (၁၁၀၈)တို့၌ ရာသီပင်များ၊ သီးပင်/စားပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု ရှေ့နေချုပ်သည် ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင် သဇင်-၅ အဆောင်(၆)နှင့် အပျိုဆောင် သဇင်-၂ အဆောင်(၃)နှင့်(၄) တို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းများ ဆွေးနွေးပွဲကို ဩဂုတ် ၉ ရက်က လူစီးတွဲနှင့်ကုန်တွဲစက်ရုံ မြစ်ငယ်၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နေရသောဌာနများဖြစ်၍ ပြည်သူများ မလိုလားသောကိစ္စများအားရှောင်ရှားပြီး လိုအပ်ချက်များကို အတတ်နိုင်ဆုံးစေတနာထား၍ ကြိုးပမ်းဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း၊ လုပ်ငန်းများစဉ်ဆက်မပြတ်တိုးတက်နေစေရေးအတွက် လိုအပ်သော အထောက်အကူပြုသင်တန်းများ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစီမံချက်များရေးဆွဲ၍ စနစ်တကျဆောင်ရွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

တူရကီဝန်ကြီးချုပ် သမ္မတဖြစ်လာရန် သေချာသလောက်ရှိ

အန်ကာရာ ဩဂုတ် ၁၁

တူရကီနိုင်ငံ၏ ခေတ်သစ်ကို စတင်လိုက်သကဲ့သို့ ပထမဆုံး တိုက်ရိုက် သမ္မတရွေးကောက်ပွဲ အပေါ် အနိုင်ရလိုက်ခြင်းကို ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးရတော့မည့် ရေးဆက်တေရစ်အာဒိုဂန်က ချီးကျူးပြောဆိုလိုက်သည်။

မစ္စတာအာဒိုဂန်က မြို့တော် အန်ကာရာရှိ ၎င်း၏အေကေပါတီ ဌာနချုပ်ရှေ့၌ ထောင်ပေါင်းများစွာသော ထောက်ခံသူများအား အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

မစ္စတာအာဒိုဂန်သည် ဩဂုတ် ၁၀ ရက်က တူရကီနိုင်ငံတစ်ဝန်း ပထမဆုံးသော တိုက်ရိုက်ရွေးချယ်မှု သမ္မတရွေးကောက်ပွဲတွင် ၅၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိရန် သေချာနေသည်။ ယင်းရလဒ်အတိုင်း အနိုင်ရသွားမည်ဆိုလျှင် ဒုတိယအကျော့ ယှဉ်ပြိုင်မှုကို ရှောင်ရှားနိုင်မည်ဟု ဆိုသည်။ ရွေးကောက်ပွဲဥပဒေအရ ၅၀ ရာခိုင်နှုန်းဖြင့် ပြည့်မီအောင် မဲ အနိုင်မရခဲ့လျှင် ဩဂုတ် ၂၄ ရက်တွင် ဒုတိယအကျော့ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

မစ္စတာအာဒိုဂန်သည် သမ္မတရာထူးကိုရရှိရန် အလွန်ပင်လိုလားလျက်ရှိသည်။ သို့သော်လည်း ၎င်း၏အတိုက်အခံများကလည်း မစ္စတာအာဒိုဂန် အာဏာပြန်ရမည်ကို စိုးရိမ်နေကြသည်။

မစ္စတာအာဒိုဂန်သည် ၂၀၀၃ ခုနှစ်ကတည်းက တူရကီနိုင်ငံ၏ အာဏာကို ရယူထားသည်။ ၎င်းသည် ဩဂုတ် ၂၈ ရက်တွင် သမ္မတရာထူးကို အခမ်းအနားဖြင့် လက်ခံဖွယ်ရှိနေသည်။

"ကျွန်တော်ဟာ ကျွန်တော့်ကို မဲပေးကြတဲ့သူတွေ အတွက်သာ သမ္မတဖြစ်ချင်တာ မဟုတ်ပါဘူး။ ၇၇ သန်းသော တူရကီပြည်သူတွေ အတွက်ပါ သမ္မတဖြစ်ချင်နေတာပါ။ တကယ်ပါ ဒီကနေ့အနိုင်ရတယ်ဆိုရင် တူရကီမှာ ဒီကနေ့ ဒီမိုကရေစီ ပြန်ရမှာဖြစ်ပါတယ်"ဟု မစ္စတာ အာဒိုဂန်က ထောက်ခံသူများအား ပြောကြားသည်။ **(ဘီဘီစီ)**

အစ္စရေးနှင့်ပါလက်စတိုင်း သုံးရက်ကြာ အပစ်အခတ်ရပ်စဲ

ဂါဇာ ဩဂုတ် ၁၁

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် ဂါဇာ၌ တနင်္လာနေ့က ဆွေးနွေးပွဲကျင်းပစဉ် သုံးရက်ကြာအပစ်အခတ်ရပ်စဲမှု အသစ်ပြုလုပ်ရန် သဘောတူလိုက်သည်။ အဆိုပါသဘောတူညီချက်သည် အီဂျစ်၏ ကြားဝင်စေ့စပ်မှုဖြင့် တနင်္ဂနွေနေ့ ညသန်းခေါင်ယံမှ စတင်ခဲ့ခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ပြုလုပ်သွားနိုင်မည်ဆိုလျှင် အစ္စရေးတို့က ကာလရှည်အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်အတွက် ဆွေးနွေးရန် တနင်္လာနေ့တွင် စေ့စပ်ညှိနှိုင်းရေးမှူးများ ကိုင်ရိုမြို့သို့ စေလွှတ်သွားမည်ဟုဆိုသည်။

ဇူလိုင် ၈ ရက်တွင် စတင်ခဲ့သည့် အဆိုပါပဋိပက္ခအတွင်း လူပေါင်း ၂၀၀၀ ခန့် သေဆုံးခဲ့သည်။ ဂါဇာဘက်မှ ပစ်ခတ်လိုက်သော ဒုံးကျည်များ ဟန့်တားရန် အစ္စရေးတို့က စစ်ဆင်တိုက်ခိုက်ချိန်တွင် စစ်ဆင်ရေးစတင်ခဲ့သည်။

သေဆုံးမှုများတွင် ပါလက်စတိုင်း ၁၉၀၀ ကျော်သေဆုံးခဲ့ပြီး အများစုမှာ အရပ်သားများဖြစ်သည်။ ထိုအတောအတွင်း အစ္စရေးတို့ဘက်မှ ၆၇ ဦး သေဆုံးခဲ့သည်။ သုံးဦးမှာ အရပ်သားများဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး မကြေညာမီ မိနစ်ပိုင်းမှာပင် စစ်သွေးကြွများက အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ အစ္စရေးတို့က တနင်္ဂနွေနေ့နံနက်ပိုင်းတွင် တစ်မနက်ခင်းလုံး လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ **(ဘီဘီစီ)**

အီရတ်ဝန်ကြီးချုပ် သမ္မတကို ဝေဖန်တိုက်ခိုက်ပြီးနောက် သစ္စာခံတပ်များ ဘဂ္ဂဒက်အနှံ့ဖြန့်ကြက်

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်ဝန်ကြီးချုပ် နောရီမာလီကီက နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ သွားရောက်ကာ သမ္မတကို ဝေဖန်ပြောကြားခဲ့ပြီးနောက် ၎င်းကိုသစ္စာခံသော လုံခြုံရေးတပ်များ မြို့တော်ဘဂ္ဂဒက်တစ်ဝန်း ဖြန့်ကြက်ချထားလိုက်သည်။

မစ္စတာမာလီကီသည် တတိယသက်တမ်းအတွက် ရာထူးပြန်လည်ရယူရန်ကြိုးစားလျက်ရှိသည်။ သို့သော်လည်း နိုင်ငံမြောက်ပိုင်း၌ ဂျီဟတ်သူပုန်တို့ ထကြွသောင်းကျန်းနေမှုကြောင့် ရာထူးမှဆင်းပေးရန် ဆော်ဩတိုက်တွန်းလျက်ရှိသည်။ အမေရိကန်က အီရတ်တွင် ကောင်းမွန်သော အစိုးရတစ်ရပ်ဖွဲ့စည်းရန် တိုက်တွန်းလိုက်ပြီး သမ္မတဖော့မာဆမ်ကိုထောက်ခံသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ **(ဘီဘီစီ)**

ခွဲထွက်ရေးသမားများ၏ ဒိုးနက်ခံတပ်ကို ယူကရိန်းတပ်မတော်က လက်နက်ကြီးများနှင့်တိုက်

ကီယက်ဗ် ဩဂုတ် ၁၁

ယူကရိန်းတပ်မတော်က ရုရှားလိုလားသော ခွဲထွက်ရေးသမားများ၏ ဒိုးနက်မြို့ အဓိကခံတပ်ကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆောက်အအုံများ ပျက်စီးပြိုကျသွားသော်လည်း သေကျေဒဏ်ရာရမှု အနည်းအကျဉ်းသာရှိသည်ဟု ဆိုသည်။

ခွဲထွက်ရေး သမားများသည် လက်နက်ကြီးထိမှန်ပြီး အခြေအနေကစဉ့်ကလျားဖြစ်သွားပြီဖြစ်ကြောင်း၊ ယင်းဒေသသည် သဲကန္တာရအဖြစ်သို့ စတင်ပြီဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များက အဆိုပါဒေသသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး မစ်ရှင်အဖွဲ့တစ်ဖွဲ့ ဝင်ခွင့်ပေးရန် အလေးအနက်စဉ်းစားလျက်ရှိသည်။ ဒေသခံများသည် ရေနှင့်အစားအသောက်များ၊ လျှပ်စစ်ဓာတ်အားများမရဘဲ ရုန်းကန်ကြိုးစားနေရသည်ဟု ဆိုသည်။

ဧပြီလ ပဋိပက္ခစတင်ကတည်းက တိုက်ခိုက်မှုများအတွင်း လူပေါင်း ၁၅၀၀ ခန့် သေဆုံးခဲ့ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ခွဲထွက်ရေးသမားများသည် ယူကရိန်းထံမှ နိုင်ငံအရှေ့ပိုင်း၌ လွတ်လပ်ရေးကြေညာပြီးကတည်းက တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ခွဲထွက်ရေးသမားများက လွန်ခဲ့သည့်ရက်များအတွင်း အပစ်အခတ်ရပ်စဲရန် ဆော်ဩလိုက်သည်။ သို့သော်လည်း ၎င်းတို့က တပ်မတော်အနေဖြင့် လက်နက်ချသည်အထိ တိုက်ခိုက်သွားမည် ဖြစ်ကြောင်းလည်း အခိုင်အမာပြောဆိုလျက်ရှိသည်။

ရုရှားတို့အနေဖြင့် ခွဲထွက်ရေးသမားများအား စစ်ရေးအကူအညီများပေးနေသည်ဟု စွပ်စွဲခံနေရသည်။ ၎င်းတို့က လူသားချင်းစာနာမှုဆိုင်ရာ မစ်ရှင်တစ်ဖွဲ့ စေလွှတ်ပေးရန်လည်း ထပ်တလဲလဲပြောဆိုလျက်ရှိသည်။

အကူအညီပေးရေး မစ်ရှင် စေလွှတ်ရေးနှင့် ပတ်သက်ပြီး ယူကရိန်းအစိုးရ၊ ကြက်ခြေနီနှင့် ကုလသမဂ္ဂ တို့နှင့်အတူ ဆွေးနွေးနေကြောင်း နိုင်ငံခြားရေးဝန်ကြီးဆာဂျီလာဗော့၏ ပြောကြားချက်ကို ကိုးကားလျက် ရုရှားမီဒီယာက ဖော်ပြသည်။ ယူကရိန်းသမ္မတ ပိုရိုရှန်ကိုအနေဖြင့် လည်း အကူအညီပေးရေး မစ်ရှင်ကို စေလွှတ်ရန် စဉ်းစားနေကြောင်း စနေနေ့နှောင်းပိုင်းက ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

မာလီမြောက်ပိုင်း အစ္စလာမ္မစ်စစ်သွေးကြွများအား ပြင်သစ်တပ်ဖွဲ့ဝင်များက ဗုံးကြဲတိုက်ခိုက်

ပါရီ ဩဂုတ် ၁၁

ပြင်သစ်တပ်ဖွဲ့ဝင်များက မာလီမြောက်ပိုင်းရှိ အစ္စလာမ္မစ်စစ်သွေးကြွတို့၏ နေရာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

တနင်္ဂနွေနေ့ နံနက်ပိုင်းက တင်ဘွတ်ကူမြို့အနောက်ပိုင်း အက်ဆာကိန်းဒေသ၌ ဗုံးလေးလုံး သို့မဟုတ် ငါးလုံးကြဲချခဲ့ကြောင်း ဘီဘီစီသတင်းထောက် အဲလက်ဒူရယ်စမတ်က မာလီမှ သတင်းပေးပို့ထားသည်။

အယ်လ်ခိုင်ဒါစစ်သွေးကြွများသည် လွန်ခဲ့သည့်လက တင်ဘွတ်ကူလေဆိပ်ကို ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ပြီးနောက် အဆိုပါဒေသ၌ တက်ကြွလှုပ်ရှားနေကြောင်း ကုလသမဂ္ဂက ပြောသည်။

နိုင်ငံမြောက်ပိုင်းကို သိမ်းပိုက်ထားသော အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သောအုပ်စုများကို မောင်းထုတ်ရန် ပြင်သစ်တပ်များက ဇန်နဝါရီလကတည်းက မာလီသို့ ရောက်ရှိပြီး စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။

အာဖရိက ဆာဟဲဒေသ၌ ဂျီဟတ်အုပ်စုများပေါ်ထွက်လာမှုကို ရပ်တန့်သွားရန် စစ်ဆင်ရေးအသစ်တစ်ရပ်ဆင်နွှဲနေပြီဖြစ်ကြောင်း လွန်ခဲ့သည့်လက ပြင်သစ်အစိုးရက ပြောသည်။

တူရက်ခွဲထွက်ရေးသမားများနှင့် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော စစ်သွေးကြွများသည် လူမျိုးစုများဖြစ်ကြပြီး မာလီမြောက်ပိုင်း၌ တိုက်ပွဲများ ဆင်နွှဲလျက်ရှိသည်။

တူရက်ခွဲထွက်ရေးသမားများက မေလတွင် မာလီအစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ပြီး နှစ်ဖက်ဆွေးနွေးပွဲကို အယ်လ်ဂျီးရီးယားနိုင်ငံ၌ ပြုလုပ်လျက်ရှိသည်။ **(ဘီဘီစီ)**

မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

တာချီလိတ် ဩဂုတ် ၁၁

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိရာ ဩဂုတ် ၁၀ ရက်က နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ မူးယစ်တပ်ဖွဲ့စု (၁၀)မှ တပ်ဖွဲ့ဝင်များသည် မိုင်းဆတ်ခရိုင် စတုံးအုပ်စု မယ်ကြုတ်(၂)ရွာ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ လျှိုမြောင်တောင်ကြောများ အကြား၌ နယ်မြေရှင်းလင်း ရှာဖွေမှုများကို ဆောင်ရွက်ရာ မြေမြှုပ်သိုဝှက်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၂၀၀၀ ကာလတန်ဖိုး ငွေကျပ်သန်းပေါင်း ၄၈၁၀၊ ဘိန်းဖြူဘလောက်တုံး ၂၀ အလေးချိန်ခုနစ်ကီလို၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၁၂၀၊ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား အမှုန့် (အခြောက်) ၄၂ ကီလို၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၀၅၀၀၊ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား အမှုန့် (အစို) ၄၂ ကီလို၊ ကာလတန်ဖိုးငွေကျပ်သိန်း ၁၀၅၀၀၊ ကဖင်းနှစ်အိတ်၊ အလေးချိန် ၃၅ ဒသမ ၅ ကီလို၊ ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၂၆ ဒသမ ၆၂၅ သိန်း၊ ဘိန်းစိမ်း ၁၈ ကီလို၊ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၈၀သိန်း၊ ကော်မှုန့်ကီလို (၁၀၀) ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၅၀၊ အနံ့ဆေးရည် ၁၁ လီတာ၊ ကာလတန်ဖိုးငွေကျပ် ၆၆၀၀၀ အမွှေးရည်ပုလင်းသုံးပုလင်း၊ ချစ်ကြည်ရေးတံဆိပ်မျိုးစုံကိုးခု၊ မင်ဘူးအနီရောင်လေးဘူး၊ အင်းပတ်လေးခု၊ ဒလက်ပါစတီးလ်မွှေစက်တစ်လုံး၊ အပြာရောင်ကပ်ခွာအိတ် ၅၀၀၀၊ ရှမ်းစက္ကူအရွက် ၁၈၀၊ အဝါရောင်ဖယောင်းစိမ်းစက္ကူအရွက် ၁၅၀ တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုစာရင်း

နေပြည်တော် ဩဂုတ် ၁၁

ဇူလိုင်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၅၅ မှု၊ အလေးချိန် ၁၅၂ ဒသမ ၀၃၉၈ ကီလို၊ ဘိန်းဖြူ ၂၄၇ မှု၊ အလေးချိန် ၁၆၀ ဒသမ ၆၉၁၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂ မှု၊ အလေးချိန်ပြား ၄၃၇၆၁၀၊ ဆေးခြောက် ၁၅ မှု၊ အလေးချိန် ၂၇ ဒသမ ၂၁၂၃ ကီလို၊ ဆူဒိုအက်ဖီဒရင်းနှစ်မှု၊ အလေးချိန်ပြား ၃၅၈၈၅၀၊ ဘိန်းဆီခဲ ၁၂ မှု၊ အလေးချိန် ၅ ဒသမ ၂၁၈၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၄ မှု၊ အလေးချိန် ၈ ဒသမ ၆၉၈၄ ကီလို၊ ဒိုင်ယာဇီပမ်ဆေးပြား-မှု၊ အလေးချိန်ပြား ၂၉၄၀၀၊ ဗျူပရီနော်ဖင်း နှစ်မှု၊ အလေးချိန် ၁၂ ဒသမ ၅၄၀၅ လစ်တာ၊ အိုက်(စ်) သုံးမှု၊ အလေးချိန် ၅ ဒသမ ၅၁၄၆ ကီလို၊ ဘိန်းစာမှုန့်နှစ်မှု၊ အလေးချိန် ၇၂ ဒသမ ၇၂ ကီလို၊ ဘိန်းရည်-မှု၊ အလေးချိန် လစ်တာ ၃၅၀၊ အီသိုင်း/ အီသာ တစ်မှု၊ အလေးချိန် ၄၁၁၆၄ လစ်တာ၊ စိတ်ကြွရူးသွပ် အကြေမှုန့်နှစ်မှု၊ အလေးချိန် ၁၁ ဒသမ ၁၆၄၁ ကီလို၊ လွိုင်ဇော-မှု၊ အလေးချိန် ၂၅၆ ဒသမ ၅ လစ်တာ၊ ဒိုင်ယာဇီပမ်ထိုးဆေးတစ်မှု၊ ၃၄၄၅၉ ပုလင်း၊ ဟိုက်ဒရိုကလိုရစ် အက်စစ်တစ်မှု၊ အလေးချိန် ၅၅၆ ဒသမ ၅ လစ်တာ၊ ကဖင်း-မှု၊ အလေး ချိန် ၁ ဒသမ ၅၇ ကီလို၊ အက်ဖီဒရင်း-မှု၊ အလေးချိန် ၀ ဒသမ ၉၆ ကီလို၊ ဘိန်းဆီရည်တစ်မှု၊ အလေးချိန် ၁၂၀ ဒသမ ၄၈ လစ်တာ၊ ထရာမဒေါလ် တစ်မှု၊ အလေးချိန် ၁၂ တောင့်နှင့် အခြားသုံးမှု၊ မှတ်ပုံတင်ပျက် ၁၁မှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၆၀၅ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၇၀၁ ဦး၊ အမျိုးသမီး ၁၃၂ ဦး စုစုပေါင်း ၈၃၃ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်းလယ်ကျွန်းပေါ်သို့ ကျော်တက်တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်အောင်မျိုးဆွေသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၌ ယာဉ်မှုစစ်တာဝန်မှူးအဖြစ် ဩဂုတ် ၉ ရက်က တာဝန်ထမ်းဆောင်နေစဉ် ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့် အတူ သွားရောက်စစ်ဆေးခဲ့ရာ ညနေ ၅ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး၏ မိုင်တိုင်အမှတ်(၁/၄) အနီး ခြောက်လုံးတန်းအိမ်ရာအနီးတွင် သပြေကုန်းအဝိုင်းဘက်မှ ကုမုဒြာကြာပန်းအဝိုင်းဘက်သို့ သိန်းဆွေ (၅၂ နှစ်) အမှတ် ၂၄ ဗိုလ်ထွန်းလင်းလမ်း ဗဟန်းမြို့နယ် နေသူမောင်းနှင်လာသော ၉င/----CORSCHE အဖြူရောင်ယာဉ်သည် ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ ကျော်တက်သွားကာ အလှစိုက်ပျိုးထားသော ခရေပင်နှစ်ပင်၊ ကျူးဘားအုန်းပင်တစ်ပင်တို့ကို ဝင်ရောက်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ တိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သိန်းဆွေကို အရေးယူပေးပါရန် ရဲအုပ်အောင်မျိုးဆွေက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှောင်လေဝေးဝေး၊ မူးယစ်ဆေး

လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး ဩဂုတ် ၁၁

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၀ ရက် ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာရှိ ရန်ပိုင်ရီ၏နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ၄င်းအိပ်သည့်အခန်း ခေါင်းအုံးအောက်မှ ကြွပ်ကြွပ်အိတ်အတွင်း အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်ဖြင့်ထည့်လျက် တစ်ထုပ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၀ ထုပ်၊ အပြား ၁၅၀ပါ တစ်ထုပ် စုစုပေါင်း ၁၁ ထုပ်၊ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ ၊ အလေးချိန် ၂၁၅ ဂရမ်တွေ့ရှိသိမ်းဆည်းရမိသဖြင့် စစ်ဆေးပေါ်ပေါက်ချက်အရ သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူထားခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ရန်ပိုင်ရီ (၅၀နှစ်) အမှတ်(၂၉) ရပ်ကွက် (၁) မယ်ဟန်ကျေးရွာ လားရှိုးမြို့နယ်နေသူကို လားရှိုးမြို့နယ်ရဲစခန်းက အရေးယူထားကြောင်းသိရသည်။

ဘော်မြေသား(iprd)

မူယစ်ဆေးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်

လက်ပံတန်းမြို့နယ်အတွင်း တရားမဝင်သစ်များ ဖမ်းဆီး

လက်ပံတန်း ဩဂုတ် ၁၁

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်း မိုးရာသီကာလ ပဲခူးရိုးမ အခြေပြုမြစ်ချောင်းများနှင့် ရေလမ်းကြောင်းတို့တွင် တရားမဝင် သစ်ခိုးထုတ် သယ်ယူမှုများရှိနေသဖြင့် သစ်တောဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်းက ခေါင်းဆောင်၍ လက်ပံတန်းမြို့နယ် ဦးစီးအရာရှိ ဦးမြင့်သိန်းဦးနှင့် ခရိုင်/မြို့နယ် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ရှာဖွေဖမ်းဆီးဆောင်ရွက်ရာ ဩဂုတ် ၄ ရက်နှင့် ၅ ရက်အတွင်း ကဒင်ဘီးလင်းချောင်းတစ်လျှောက် စုစုပေါင်းကျွန်းသစ်လုံး ၃၁ လုံး ၁၆ ဒသမ ၁၄၈ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းမိသစ်လုံးများကို ကျွန်းကလေးကျေးရွာ အိုးဖိုစုရပ်သို့ သယ်ယူသိမ်းဆည်းထားကြောင်း သိရသည်။ **ကျော်သူဝင်း**

ပထမအကြိမ် ရှမ်းပြည်နယ် ယဉ်ကျေးမောင်၊ ယဉ်ကျေးမယ် ဖိတ်ခေါ်ပြိုင်ပွဲနှင့် ရှမ်းပြည်နယ်အတွင်း ယဉ်ကျေးမယ်ပြိုင်ပွဲများအတွက် ဖိတ်ခေါ်ခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် ယဉ်ကျေးမောင်၊ ယဉ်ကျေးမယ်ဖိတ်ခေါ်ပြိုင်ပွဲနှင့် ရှမ်းပြည်နယ်အတွင်း ယဉ်ကျေးမယ်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၁ ရက်နှင့် ၂၂ ရက်များတွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဆုကြေးငွေများအဖြစ် ရှမ်းပြည်နယ် ယဉ်ကျေးမောင်၊ ယဉ်ကျေးမယ် ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ၇ သိန်း၊ နှစ်သိမ့်ဆု ၃ ဆု နှစ်သိန်းစီဖြစ်ပြီး Miss Photogenic ဆုအတွက် Beaver Group Property Development က ဆုငွေ ၅သိန်း၊ Best Body ဆုအတွက် ICTS Group Myanmar က ဆုငွေ ၅သိန်း ချီးမြှင့်မည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင်း ယဉ်ကျေးမယ်ပြိုင်ပွဲအတွက် ပထမဆု ၈ သိန်း၊ ဒုတိယဆု ၆ သိန်း၊ တတိယဆု ၄ သိန်း၊ နှစ်သိမ့်ဆု ၃ဆု ၂ သိန်းစီ ချီးမြှင့်မည်ဖြစ်ပါသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိအစီအစဉ်ဖြင့် တက္ကသိုလ်ဘက်စုံခန်းမသို့ ၁၆-၈-၂၀၁၄ ရက်အရောက်သတင်းပေးပို့၍ ၁၈-၈-၂၀၁၄ ရက်တွင်ဆေးစစ်မှုကို ခံယူရမည်ဖြစ်ပြီး၊ အရည်အချင်းသတ်မှတ်ချက်များမှာ (က) အမျိုးသားများသည် အသက် ၁၈ နှစ်မှ ၂၇နှစ်အတွင်း၊ အမျိုးသမီးများသည်အသက် ၁၈ နှစ်မှ ၂၆နှစ်အတွင်းဖြစ်ရမည်။ (ခ) ပြိုင်ပွဲဝင်အမျိုးသားများသည် အရပ် ၅ပေ ၇ လက်မနှင့်အထက်ရှိရမည်ဖြစ်ပြီး အိမ်ထောင်မရှိသူ(လူပျို)ဖြစ်၍ သတ်မှတ်ကိုယ်ဟန် အနေအထားဖြင့် ယှဉ်ပြိုင်ရပါမည်။ အမျိုးသားများသည် ဝတ်စုံ ၄ စုံ (၁)Three Quarter နှင့် ကိုယ်အထက်ပိုင်းဗလာ၊ (၂) Free Style (ကြိုက်နှစ်သက်ရာဘောင်းဘီရှည်နှင့် တီရှပ်)၊ (၃) Smart Style အနောက်တိုင်းဝတ်စုံ(ကုတ်အပါ/ကုတ်မပါ)၊ (၄) ကြိုက်နှစ်သက်ရာရိုးရာဝတ်စုံတို့ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်အမျိုးသမီးများသည် အရပ် ၅ပေ ၃ လက်မနှင့် အထက်ရှိရမည်ဖြစ်ပြီး အိမ်ထောင်မရှိသူ(အပျို)ဖြစ်၍ သတ်မှတ်ကိုယ်ဟန် လေးမျိုးနှင့် စိတ်ကြိုက်ကိုယ်ဟန်သုံးမျိုးဖြင့်ယှဉ်ပြိုင်ရပါမည်။ အမျိုးသမီးများသည် ဝတ်စုံသုံးမျိုး (၁) လက်ပြတ်နှင့် လုံခြည်ပြောင်၊ (၂) အားကစားဝတ်စုံအတို၊ (၃) ကြိုက်နှစ်သက်ရာရိုးရာဝတ်စုံတို့ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ (ဂ) မြန်မာနိုင်ငံအတွင်းနေထိုင်၍ အမျိုးသားမှတ်ပုံတင်ကတ် ကိုင်ဆောင်သူဖြစ်ရမည်။

ဆက်သွယ်ရန်လိပ်စာမှာ (၁) တောင်ကြီးတက္ကသိုလ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဖုန်း-၀၉-၅၁၀၄၅၆၉၊ ၀၉-၅၂၈၃၄၃၄၊ (၂) ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ (၃) ရန်ကုန်တိုင်းဒေသကြီးတွင် စာရင်းပေးသွင်းရန် ဦးမင်းသိန်းခန့် ဖုန်း-၀၉-၄၁၀၀၃၃၁၁၊ ဦးစောကောင်းဆက် ဖုန်း-၀၉-၄၃၁၇၉၇၀၅၊ ဦးကြည်ဖြူအောင် ဖုန်း-၀၉-၅၄၀၀၄၉၄ ဖြစ်ပါသည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

ပညာမြင့်၍ လူမျိုးတင့်စေ

စန်းနီလာဝင်း

ယနေ့မျက်မှောက်ခေတ်သည် "နည်းပညာခေတ်" (Age of Technological Revolution) ဖြစ်သည်။ ၁၈ ရာစုနှစ်ကို 'ပထမစက်မှုတော်လှန်ရေးခေတ်' (Age of First Industrial Revolution) ဟုခေါ်ပြီး ၂၀ ရာစုခေတ်ကို 'ဒုတိယစက်မှုတော်လှန်ရေးခေတ်' (Age of Second Industrial Revolution) ဟု သမိုင်းပညာရှင်များက သတ်မှတ်ခဲ့ကြသည်။ ယနေ့ ၂၁ ရာစုခေတ်မှာ နည်းပညာခေတ်ဖြစ်ပြီး တစ်နည်းအားဖြင့် 'သတင်းနှင့်ဆက်သွယ်ရေးနည်းပညာခေတ်' (Age of Information & Communication Technology ဟူ၍လည်း ဖော်ပြကြသည်။

ယနေ့ကမ္ဘာရှိ ၂၁ ရာစုဖြစ်စဉ်ကို လေ့လာကြည့်မည်ဆိုပါလျှင် ဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကွဲပြားခြားနားမှု၊ နိုင်ငံတစ်နိုင်ငံချင်းအလိုက် အမျိုးသားအချုပ်အခြာအာဏာပိုင်မှုနှင့် သီးခြားလက္ခဏာဆောင်မှုများအား ထိပါးမခံလိုသည့် ရပ်တည်ချက်များဖြင့် ကမ္ဘာတွင်ဗဟိုချက်မများစွာရှိနေသည်ဟူသော ဖြစ်စဉ် (Multipolor World) များလည်း ပေါ်ပေါက်လျက်ရှိသည်။

ထို့အတူ ကဏ္ဍအသီးသီးတွင် သိပ္ပံနှင့်နည်းပညာများ အဆင့်မြင့်မားစွာထွန်းကားလွှမ်းခြုံလျက်ရှိသည့် ပညာခေတ် (Age of Knowledge) ဖြစ်ပေါ်လာခဲ့သည်။ ပညာရှင်များ၏ကြိုးပမ်းမှုများကြောင့် သိပ္ပံနှင့်နည်းပညာရပ်များသည် ၂၀ ရာစု အလယ်ပိုင်းမှစ၍ အရှိန်အဟုန်ဖြင့်တိုးတက်လာခဲ့ရာ ယခုအခါ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များတွင် အဆင့်မြင့်နည်းပညာရပ်များဖြင့် အသုံးပြုဆောင်ရွက်နေကြပြီ ဖြစ်သည်။

ကဏ္ဍတိုင်း၊ နယ်ပယ်တိုင်းတွင် သိပ္ပံနှင့် နည်းပညာထွန်းကားမှုသည် လျင်မြန်စွာဖြစ်ပေါ်နေရာ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီးပွားရေးမှာလည်း ပညာအခြေပြုစီးပွားရေးဦးတည်နေသည်ကို လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရာတွင် ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံမှုဖြစ်စဉ် (Globalization) နှင့် အမျိုးသားရေးမူဝါဒ (Nationalism) ကို မှန်ကန်စွာ ဆက်စပ်ပေါင်းစပ်အကောင်အထည်ဖော်တတ်ကြဖို့ လိုမည်ဖြစ်သည်။ အမျိုးသားရေးနှင့် နိုင်ငံတကာရေးရာများကို မှန်မှန်ကန်ကန်မပေါင်းစပ်လျှင် နောက်ကျန် ဘေးရောက် အဖြစ်ဆိုးနှင့်ကြုံရမည်ဖြစ်ခြင်းကြောင့် အမျိုးသားရေးဘဝတစ်ခုလုံး တိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးကို ဖော်ထုတ်ရာတွင် အမျိုးသားရေးအသိဖြင့် နိုင်ငံတကာနည်းပညာရပ်များကို လေ့လာဆည်းပူးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စက်မှုလက်မှုအတတ်ပညာနှင့် သိပ္ပံနှင့် နည်းပညာနောက်ကျခဲ့မှုသည် အင်္ဂလိပ်နယ်ချဲ့၏ ကိုလိုနီကျွန်ဘဝသို့ရောက်ခဲ့ရခြင်း၏အကြောင်းအရင်းတစ်ရပ်ဖြစ်ခဲ့သည်ကို မြန်မာ့သမိုင်းကိုလေ့လာသူတိုင်း သိကြပါလိမ့်မည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့၏ ကိုလိုနီကျွန်ဘဝသို့ရောက်ရှိခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း အင်္ဂလိပ်အစိုးရ၏ပညာရေးစနစ်မှာ သူတို့၏ကိုလိုနီအုပ်ချုပ်ရေး၊ ယန္တရားလည်ပတ်နိုင်ရေးအတွက် စာရေးစာချီ၊ ရှေ့နေ ရှေ့ရပ်၊ မြို့ပိုင် နယ်ပိုင်များကိုသာမွေးထုတ်ခဲ့ပြီး စက်မှုသိပ္ပံနည်းပညာနှင့် စီးပွားရေးကုန်ထုတ်နည်းပညာတို့ကို ဘေးဖယ်ထားခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ပညာရေးစနစ်ကို ရန်ကုန်တက္ကသိုလ်သုတေသနအသင်းဥက္ကဋ္ဌ ဂျေအက်စ်ဖာနီဗယ်လ် (Js Furnivall) က "ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၌ ပညာရေးစနစ်ကိုကျင့်သုံးရာ၌ စာရေးစာချီ၊ ရှေ့နေရှေ့ရပ်များဖြစ်ရန်သာရည်ရွယ်၍ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ သဘာဝသိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များဖြစ်မြောက်လာအောင် ရည်ရွယ်ချက်လုံးဝမရှိခဲ့ပေ" ဟု သူ၏ကိုလိုနီဝါဒနှင့်လက်တွေ့ကျင့်သုံးမှု (Colonial Policy and Practice) စာအုပ်၌ ရေးသားဖော်ပြခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

လူ့သမိုင်းတစ်လျှောက်တွင် ယနေ့မျက်မှောက်ခေတ်လောက် ပညာရပ်၏အရေးပါမှုမျိုး မဖြစ်ပေါ်ခဲ့သေးပေ၊ လူသားတို့သည် စက်မှုခေတ် (Industrial Age) ကို ချန်ရစ်ကာ သတင်းအချက်အလက်ခေတ် (Information Age) သို့ ကူးပြောင်းလာချိန်အထိ ပညာ၏တန်ဖိုးသည် အမြင့်ဆုံးဘဝသို့ ရောက်ရှိနေရာယူနေကြသည်။ ယနေ့မျက်မှောက်ခေတ်တွင် ကမ္ဘာတစ်ခွင်၌ ပြောင်းလဲမှုနှုန်းများ ယခင်ကထက် မြန်ဆန်လွန်းလှသဖြင့် ပညာရေး၏အခန်းကဏ္ဍသည် ပို၍အရေးပါ အရာရောက်လာခဲ့သည်။ နည်းပညာခေတ်တွင် နည်းပညာပျံ့နှံ့မှုသာ နိုင်ငံဖွံ့ဖြိုး၍ လူမျိုးတိုးတက်မည်။ နည်းပညာဖွံ့ဖြိုးသောနိုင်ငံများသည် ရှေ့တန်းရောက်ပြီး နည်းပညာဖွံ့ဖြိုးတိုးတက်လျှင် နိုင်ငံ၏အခြေခံကြွယ်ဝမှုများသည်လည်း ယခင်ကထက် တိုးတက်မြင့်မားလာလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်ကို တည်ဆောက်ရာတွင် လူ့စွမ်းအား (Human Capital) " စီးပွားရေးအခြေခံအဆောက်အအုံထူထောင်နိုင်မှုစွမ်းအား" (Physical Capital) "အဖွဲ့အစည်းစွမ်းအား" (Institutional Capital) နှင့် "လူမှုရေးစွမ်းအား" (Social Capital) များမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းကြောင့် ဦးစားပေးပြီး တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။ "လူ့စွမ်းအားအရင်းအမြစ်" (Human Resources Capital)အားကောင်းမှသာ လယ်ယာကဏ္ဍကိုအခြေပြုပြီး စက်မှုနိုင်ငံအဖြစ်ကူးပြောင်းရာ၌လည်းကောင်း "ပညာအခြေပြုသောစီးပွားရေး" (Knowledge-Based Economy) ကူးပြောင်းရာတွင်လည်းကောင်း အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုက အဓိကအရေးပါသကဲ့သို့ လူငယ်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အနာဂတ်အတွက် နိုင်ငံ့သားကောင်းရတနာများကို လေ့ကျင့်မွေးထုတ်ပျိုးထောင်သင်ကြားပေးရမည်ဖြစ်သည်။ ဤသည်မှာ ယနေ့အမျိုးသားပညာရေး၏ ပဓာနကျသော တာဝန်ဟုဆိုရပါမည်။

စာရေးသူ၏သမီးဖြစ်သူသည် ဂျပန်နိုင်ငံ၌ အဆင့်မြင့်သိပ္ပံနည်းပညာရပ်များကို လေ့လာသင်ကြားနေသော အင်ဂျင်နီယာပညာတော်သင် တစ်ဦးဖြစ်ပါ၏။ ထို့ကြောင့် စာရေးသူသည် ဂျပန်နိုင်ငံ၏ စက်မှုနှင့်နည်းပညာဖွံ့ဖြိုးရေးကြိုးပမ်းမှုနောက်ခံသမိုင်းကို လေ့လာကြည့်မိသည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စတင်ကြိုးပမ်းခဲ့သည့်အချိန်အခါကာလသည် ဂျပန်နိုင်ငံထက်ပင် စောနေသည်ကို ထင်ရှားစွာ လေ့လာတွေ့ရှိရသည်။

မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းသားကြီးတို့ စက်မှုနိုင်ငံတည်ထောင်ရန် စတင်ကြိုးပမ်းခဲ့သည့် ၁၈၅၅ ခုနှစ်တွင် ထိုစဉ်က ဂျပန်တို့မှာ ဤမျှအထိ မနိုးကြားခဲ့ပေ။ ဂျပန်တို့စတင်နိုးကြားလာသည့်အချိန်မှာ မီဂျီခေတ် (Meiji) သို့ ကူးပြောင်းချိန် ၁၈၆၈ ခုနှစ်ဖြစ်သောကြောင့် မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့ စတင်ကြိုးပမ်းခဲ့သည့်နှစ်ထက် ၁၀ နှစ်ကျော်မျှ နောက်ကျခဲ့ပေသည်။

ဂျပန်တို့ မီဂျီစက်မှုခေတ်တွင် စတင်ကူးပြောင်းခဲ့သည့် ၁၈၆၈ ခုနှစ်တွင် မြန်မာစက်မှုပညာတော်သင်များ နိုင်ငံခြားတိုင်းပြည်များသို့ အတော်များများရောက်ရှိနေပြီဖြစ်ကြသည်။ ထိုစဉ်က မြန်မာ့နေပြည်တော်ဖြစ်သော မန္တလေးမြို့တော်၌ စက်ရုံအလုပ်ရုံတော်တော်များများ တည်ထောင်ခဲ့ပြီးဖြစ်သည်။ ဤသည်မှာ အရှေ့တောင်အာရှနှင့် အာရှအရှေ့များဒေသ၌ ပထမဦးဆုံးခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတစ်နိုင်ငံထူထောင်ရန် မြန်မာတို့မည်မျှစောစွာကြိုးပမ်းခဲ့ကြောင်း ထင်ရှားစေရန် ဂျပန်နိုင်ငံနှင့် နှိုင်းယှဉ်ဖော်ပြရခြင်းဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး၌ ကြိုးစားရုန်းကန်ကြရင်းဖြင့် "အခြေခံအရင်းအမြစ်ပေါ်တွင်အခြေပြုသော စီးပွားရေး" (Factor Driven Economics) မှတစ်ဆင့် "စွမ်းဆောင်ရည်အခြေပြုသည့်စီးပွားရေး (Efficiency-driven Economics) သို့ ကူးပြောင်းနေသကဲ့သို့ ထိုမှတစ်ဆင့် "တီထွင်ကြံဆထုတ်လုပ်မှုကို အခြေပြုသောစီးပွားရေးအဆင့်" (Innovation- driven Economics) အဆင့်သို့ ရောက်ရှိနေကြသည်ကို တွေ့ရှိရ။

ထိုစဉ်က စစ်ရေးစစ်ရာအတွက် လိုအပ်သောလက်နက်စက်ရုံ ယမ်းချက်စက်ရုံများမှာ ၁၈၇၀ ပြည့်နှစ်မတိုင်မီကပင် တည်ထောင်ပြီးဖြစ်နေသည်။ ထိုလက်နက်စက်ရုံများမှ ခေတ်မီကောင်းမွန် သေသပ်လှပသော ရိုင်ဖယ်သေနတ်များ ထုတ်လုပ်နိုင်ခဲ့ပြီး ရက်သတ္တတစ်ပတ်လျှင် ဘေးဖွင့်နောက်ထိုးဗထခြိုက်သေနတ်အလက်ပေါင်း ၂၁၀၀ မျှ ထုတ်လုပ်နိုင်၏။ ထို့ပြင် အမြောက်ကြီး၊ အမြောက်ငယ်များ၊ ယမ်းတောင့်များနှင့် ရေမြှုပ်ဗုံးများထုတ်လုပ်ခဲ့၏။ ဒင်္ဂါးသွန်းအတတ်ပညာသင်ရန် ပညာတော်သင်များကို ပြင်သစ်နိုင်ငံသို့ စေလွှတ်ခဲ့ဖူး၏။ စက်မှာ မကြီးမားလှသော်လည်း တစ်နေ့လျှင် ဒင်္ဂါးပြားရေ ၁၅၀၀၀ မျှ ထုတ်လုပ်နိုင်၏။ မြန်မာတို့ ကိုယ်တိုင်ငွေကိုအရည်ကျိုခြင်း၊ ပုံသွင်းခြင်းများ ပြုလုပ်ခဲ့သည်။ စက်ကိုအင်္ဂလန်မှ ဝယ်ယူခဲ့သည်။ ဒင်္ဂါးသွန်းလုပ်ငန်းကို ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းမှာ ငွေရေးကြေးရေးစနစ်ဘက်တွင် ခေတ်မီ ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်လိုသောကြောင့် ဖြစ်သည်။ ထိုစဉ်ကတည်းကပင် မြန်မာ့ထီးနန်းမှ ခေါင်းဆောင်များသည် အမိမြန်မာပြည်အတွက် နည်းပညာရပ်များဖွံ့ဖြိုးမှုလိုအပ်ချက်သည် အဓိက "အမျိုးသားရေးလိုအပ်ချက်" (National Necessity) ဖြစ်သည်ကို ခံယူဆောင်ရွက်ခဲ့သည်။

ယနေ့ကမ္ဘာ့နိုင်ငံအများစုမှာ နည်းပညာဖွံ့ဖြိုးမှုအတွက်" အသိပညာအခြေပြု လူ့အဖွဲ့အစည်း" (Knowledge Based Society) ဖြစ်မြောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြသည်။နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းကို သတ်မှတ်တိုင်းတာရာတွင်လည်း "လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆန္ဒနှုန်းကိန်း" (HDI = Human Resources Development Index)ဖြင့် သတ်မှတ်တိုင်းတာလေ့ရှိသည်။ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း သတ်မှတ်ထားရာ ယင်းတို့မှာ-

(၁) နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ခံစားရသည့်အခြေအနေအား ခြုံငုံဖော်ပြချက်အဖြစ် သက်တမ်းရှည်ကြာနေရမှု (Longevity Life Expectancy) ဖြင့် တိုင်းတာသတ်မှတ်သည်။

(၂) နိုင်ငံတစ်နိုင်ငံ၏ လူ့ဘဝအရည်အသွေးမြင့်မားမှု (Quality of Life) ကို အသိအတတ်ပညာ (Knowledge) ရရှိခံစားနိုင်မှုဖြင့် စံပြုပါသည်။ ယင်းအချက်ကို သက်ကြီးစာတတ်မြောက်မှု (Adult Literacy) နှင့် ပျမ်းမျှကျောင်းပညာသင်ကြားချိန် (Meams of Schooling) တို့ဖြင့် တိုင်းတာသတ်မှတ်သည်။

(၃) နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကိုခံစားရသည့်အခြေအနေအား လူနေမှုအဆင့်အတန်း (Standard of Living) ဖြင့် ရည်ညွှန်းတိုင်းတာပါသည်။ လူနေမှုအဆင့်အတန်းကို တစ်ဦးကျ ထုတ်ကုန်တန်ဖိုးနှင့် ဒေသဆိုင်ရာလူနေမှုကုန်ကျစရိတ်ကို ညှိနှိုင်းဆက်စပ်ပြီး အမှန်ဝယ်ယူနိုင်မှုစွမ်းအားဖြင့် တိုင်းတာသတ်မှတ်သည်။

(၄) နိုင်ငံတစ်နိုင်ငံတွင် တီထွင်ဖန်တီးရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်အောင် အလုပ်လုပ်နိုင်ရေးနှင့် ဘဝလုံခြုံရေးတို့ကို အာမခံသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပတ်ဝန်းကျင်နှင့် အခွင့်အလမ်းများရရှိခြင်းတို့ဖြင့် တိုင်းတာသတ်မှတ်ပါသည်။

ယနေ့မျက်မှောက်ခေတ်တွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများသည် အဆင့်မြင့်သိပ္ပံနည်းပညာများ၊ သတင်းဆက်သွယ်ဖြန့်ချိမှုနည်းပညာများဖြင့် ၂၁ရာစု၏ဖွံ့ဖြိုးမှုကို သယ်ဆောင်နေကြသည်။ သာဓကအားဖြင့် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျစသည့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်း၍ကျောင်းခွဲများဖွင့်လှစ်ခြင်း၊ အဝေးရောက်ဘွဲ့အပ်နှင်းခြင်းများ ပြုလုပ်လျက်ရှိရာ အင်တာနက်ခေါ် ဆက်သွယ်ရေးကွန်ရက်ဖြင့် စာသင်ကြား၍ စာမေးပွဲဖြေဆိုသည့်နည်းလမ်းများဖြင့် ဘွဲ့အပ်နှင်းနိုင်သည့်အဆင့်ထိ ဆောင်ရွက်နေပြီဖြစ်သည်။ ပညာရေးဖွံ့ဖြိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် စီးပွားရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးများ စဉ်ဆက်မပြတ်ဖြစ်စေရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းကာ အဆင့်မြင့်ပညာရေးနိုင်ငံတကာဖြန့်ကြက်မှု (Internationalization of Higher Education) လုပ်ငန်းရပ်များရှင်သန်နေကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှုစံကို "လူနေမှုဘဝရုပ်ပိုင်းဆိုင်ရာ အရည်အသွေးတိုးတက်မှုညွှန်းကိန်း" (Augmented Physical Quality of Life Index)များဖြင့် တိုင်းတာဖော်ပြလျက်ရှိကြသည်။ ထိုလူနေမှုဘဝ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးတိုးတက်မှု ညွှန်းကိန်းများတွင် အဓိကအားဖြင့် နိုင်ငံတစ်နိုင်ငံရှိ လူတို့၏ပျမ်းမျှသက်တမ်း၊ ကယ်လိုရီစားသုံးမှု၊ ကလေးများကျောင်းပညာသင်ကြားမှု၊ သက်ကြီးဦးရေ စာတတ်မြောက်မှုအခြေအနေများကို ထည့်သွင်းတွက်ချက်ဖော်ပြကြရသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုစံနှုန်းကို တိုင်းတာဖော်ပြရာ၌ စီးပွားရေးတစ်ခုတည်းသာမဟုတ်ဘဲ အသိပညာ၊ အတတ်ပညာအဆင့်အတန်းများကိုပါ ထည့်သွင်းရသည်ကို ကြည့်ခြင်းအားဖြင့် ပညာရေး၏အရေးပါမှုကို သိသာနိုင်ပြီဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး၌ ကြိုးစားရုန်းကန်ကြရင်းဖြင့် "အခြေခံအရင်းအမြစ်ပေါ်တွင်အခြေပြုသော စီးပွားရေး" (Factor Driven Economics) မှတစ်ဆင့် "စွမ်းဆောင်ရည်အခြေပြုသည့် စီးပွားရေး (Efficiency-driven Economics) သို့ ကူးပြောင်းနေသကဲ့သို့ ထိုမှတစ်ဆင့် "တီထွင်ကြံဆထုတ်လုပ်မှုကို အခြေပြုသောစီးပွားရေးအဆင့်" (Innovation- driven Economics) အဆင့်သို့ ရောက်ရှိနေကြသည်ကို တွေ့ရှိရသည်။

စာရေးသူတို့၏ မြန်မာနိုင်ငံအနေဖြင့် " အခြေခံအရင်းအမြစ်အပေါ်အခြေပြုသည့်စီးပွားရေးအဆင့်" မှ "စွမ်းဆောင်ရည်အခြေပြုသည့် စီးပွားရေး" ကို ကူးပြောင်းရောက်နိုင်အောင် အဆင့်မြင့်ပညာရေးမြင့်မားတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုပညာများ အရည်အသွေးမြှင့်တင်ပြီး လုပ်သားဈေးကွက် စွမ်းဆောင်ရည်မြင့်စေရေး၊ ကုန်စည်ဈေးကွက် ဖွံ့ဖြိုးရေးနည်းပညာကျွမ်းကျင်မှုများကိုအခြေခံလျက် ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်ပစ္စည်းထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ထိုသို့ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသော "လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး " Human Resources Development) အတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများကို လေ့ကျင့်မွေးထုတ်ခြင်းသည် အဓိကဖြစ်နေသောကြောင့် တစ်မျိုးသားလုံးက အမျိုးသားရေးအမြင်ဖြင့် နိုးကြားစွာ ကြိုးစားဆောင်ရွက်ကြပါစို့ဟူ၍ တိုက်တွန်းအပ်ပါသည်။

ရေကြီးနစ်မြုပ်ဒေသရှိ သီးနှံများပြန်လည်စိုက်ပျိုးရေး စက်ကိရိယာအသင့်ပြင်

မော်လမြိုင် ဩဂုတ် ၁၁

မွန်ပြည်နယ် ကျိုက်ထို၊ ဘီးလင်း၊ သထုံမြို့နယ်များအတွင်း ဩဂုတ် ၆ ရက် နှင့် ၇ ရက်တို့တွင် ရွာသွန်းခဲ့သောမိုးကြောင့် လယ်ယာမြေ ၁၀၅၀၃ ဧက ရေနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ၁၀၁၇၄ ဧက ပြန်ပေါ်ခဲ့သည်။ ရေလွှမ်းသွားသော လယ်ယာမြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်နှင့် ထွန်ယက်ရေးဆောင်ရွက်ရန် လိုအပ်သောအကူအညီများ ဆောင်ရွက်ပေးနိုင်ရန်အတွက် မွန်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဆန်းနှင့် ပြည်နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဝင်များသည် ဩဂုတ် ၈ ရက်က ရေကြီးနစ်မြုပ်သော နိုင်းပွန်ကျေးရွာနှင့် သစ်တိုကျွန်းကျေးရွာများသို့ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံပြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီး အစီး ၂၀ ဖြင့် ထွန်ယက်ရေးဆောင်ရွက်ရန်နှင့် တောင်သူများသို့ လိုအပ်သည်များ ကူညီဆောင်ရွက်နိုင်ရန်အတွက် နိုင်းပွန်ကျေးရွာတွင် အသင့်စောင့်ဆိုင်းလျက်ရှိသည်။ **(ယာပုံ)** **ကိုကိုရှုပ**

ပြည်တွင်းသတင်း

နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေး အမြင်ချင်းဖလှယ်

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာရိဆုယုံ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာရိဆုယုံ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အမြင်ချင်းဖလှယ်

တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြပြီး ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိဆုယုံနှင့်အတူ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့လည်း တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များအား ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ရွှေနန်းတော်ဟိုတယ်တွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားတက်ရောက်ကြသည့် နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၁

ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန၌ကျင်းပသည့် နိုင်ငံရေးပါတီများသို့ ငြိမ်းချမ်းရေးဖြစ်စဉ်များအားရှင်းလင်းတင်ပြပွဲအခမ်းအနားတွင် နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဤအခမ်းအနားသို့ နိုင်ငံရေးပါတီပေါင်း ၆၆ ပါတီမှ ကိုယ်စားလှယ် ၁၃၁ ဦးနှင့်အထူးဧည့်သည် ၂၀၊ စုစုပေါင်း ၁၅၁ ဦးတက် ရောက်ခဲ့ကြကြောင်း၊ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များအနေဖြင့် လက်ရှိ အချိန်ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်း သားများအားလုံး နှစ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့လာခဲ့ရသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးကို လိုလားသူတိုင်းစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းလုပ်ဆောင်ရမည့် အချိန်အခါဖြစ်သည်ဟု ယုံကြည်လက်ခံကြပါကြောင်း။

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အလို့ငှာ နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်အား အမြန်ဆုံးလက်မှတ်ရေးထိုးကြရန် သက်ဆိုင်သူအားလုံးကို အလေးအနက်တိုက်တွန်းအပ်ပါကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်များနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုစသည်တို့ကို အပစ်အခတ်ရပ်စဲရေး စာချုပ်ပါ သဘောတူညီချက်အတိုင်း မပျက်မကွက်ပြုလုပ်ကြရန် သက်ဆိုင်သူအားလုံးကို လေးနက်စွာ တိုက်တွန်းအပ်ပါကြောင်း၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးဖြစ်ပေါ်နိုင်ရေးအတွက် ပြင်ဆင်ရန်အတွက် (က) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ (ခ) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်(ဂ) နိုင်ငံရေးပါတီများ တွေ့ဆုံနိုင်ရေးကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် တောင်းဆိုတင်ပြအပ်ပါကြောင်း၊ ဤနိုင်ငံရေးပါတီများ၏ သဘောထားထုတ်ပြန်ချက်သည် တက်ရောက်လာသော နိုင်ငံရေးပါတီများ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ထုတ်ပြန်ခြင်းဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တစ်ရက်တာ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အိန္ဒိယပြည်ပရေးရာဝန်ကြီး Mrs.Sushma Swaraj သည် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩဂုတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ ရက်နေ့က **ကရင်အမျိုးသားပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ခဝဲခြံ၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ခဝဲခြံ(၁)လမ်း၊ အမှတ်(၆၃၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၈-၂၀၁၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကရင်အမျိုးသားပါတီ၏ အလံပုံစံ

ကရင်အမျိုးသားပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

○ *ကျောဖုံးမှ*

ပေါ်မှ ဆရာတော်များက ပရိတ်တရားတို့ကို ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ လပြည့်ကျော် ၃ ရက်အထိ မြစ်ရေတက်မှုသည် ရေငုပ်သမားတို့အတွက် လုပ်ငန်းအဆင်ပြေလျက်ရှိနေသည်။ ခေါင်းလောင်းကြီး ဆယ်ယူမှုကို ပရိသတ်များကလည်း နေ့စဉ်လာရောက်ကြည့်ရှုလေ့လာလျက်ရှိသည်။ တူးဖော်ဆယ်ယူသော နုန်းတူးစက်၊ အထူးယာဉ်နှင့်ဆရာတော်များပရိတ်ရွတ်ဖတ်သော ရေယာဉ်များသို့ ကပ်ခွင့်၊ တက်ခွင့်မပြုချေ။ မြန်မာ့ယဉ်ကျေးမှု၏ အမွေအနှစ်ဖြစ်သော သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော ဓမ္မစေတီခေါင်းလောင်းကြီးကို ပြည်သူအပေါင်းက မြင်တွေ့ချင်သော ဆန္ဒပြင်းပြလျက်ရှိကြောင်း သိရသည်။

ရေအောက်ရှိ ဓမ္မစေတီခေါင်းလောင်းကြီးကို ၁၉၈၈ ခုနှစ်မတိုင်မီ ပထမဆုံး ရေငုပ်ဆယ်ယူခဲ့သောအဖွဲ့မှ ထိုအချိန်က ရန်ကုန်တက္ကသိုလ်သမိုင်းဌာန လက်ထောက်ကထိက ဦးကျော်က "ဓမ္မစေတီခေါင်းလောင်းကြီးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စီးပွားရေးဌာန သုတေသနမှူးကြီး ဒေါက်တာမျိုးမြင့်နဲ့ အဖွဲ့ဝင် ၁၂ ဦးမှ ကိုယ်ပိုင်ငွေနဲ့ ရေငုပ်အဖွဲ့ခေါင်းဆောင်ဦးတင်ရွှေ၊ ဦးကြိုင်တို့ဖြင့် သီတင်းသုံးပတ်ဆယ်ယူရှာဖွေခဲ့ခြင်းဖြစ်ပါတယ်။ ဆယ်ယူရာတွင် ရေတပ်က နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လှည့်ကင်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်း စတင်ချိန်၊ ပြီးဆုံးချိန်ကို သတင်းပို့ရကာ ဆယ်ယူသောနေရာကို အမှတ်အသား မထားရှိခဲ့ရဘူး။ ရေတက်ပြီး ရေငြိမ်သောအချိန်တွင် မျောက် ခေါင်းဟုခေါ်သော မျက်နှာတစ်ခွင်၊ နှာခေါင်းအုပ်သော ပစ္စည်းဖြင့် ရေပေါ်မှ အောက်ဆီဂျင်ပေးကာ ပစ္စည်းစုံလင်မှုမရှိဘဲ ငုပ်ခဲ့ရပြီး ရေအောက်တွင် နေနိုင်ရန်သံတိုး၊ ကြိုးကို လည်တွင်ဆွဲ၍ အန္တရာယ်ကြုံပါက ရေပေါ်ကို အသိပေးနိုင်၍ အသက်ကယ်ကြိုး တစ်ချောင်းသာပါရှိပြီး တစ်ဦးဆင်းပြီး တက်လာမှသာ တစ်ဦးဆင်းခဲ့ရကြောင်း၊ ရေအတက်တွင် ရေစီးကြောင်း၊ ပြင်းထန်ပြီးနွံတို့ကြောင့် အရာဝတ္ထုကို သဲကွဲစွာမမြင်နိုင်ဘဲ ခြေလက်ဖြင့် စမ်းကာလေ့လာရှာ ဖွေခဲ့ရကြောင်း တစ်ကြိမ်တွင် ရေငုပ်သမားတစ်ဦးက စီဘီသင်္ဘောပျက်နှင့် သင်္ဘောပျက်ပုံဘေးတွင် မြေဝါကျောက်စရစ်များအုပ်ကာ လုံနေသောအရာတစ်ခုကို စမ်းမိခဲ့ပြီး ကျန်ရေငုပ်သမားများလည်း စမ်းမိကာ ကိုင်တွယ်စရာမရှိ၍ စီဘီသင်္ဘောပျက်အတွင်း ကျသွားပါက ပြန်ထွက်ရန်မလွယ်ကူသည့်အတွက် အောက်ခြေထိစူးစမ်းရန် အခွင့်အရေး မရခဲ့ကြောင်း၊ ထိုဂျင်းပုံသဏ္ဌာန် အစိုင်အခဲသည် အတွင်းတွင် အမာခဲတစ်ခုရှိနေနိုင်ပြီး ရေငုပ်ပစ္စည်း အခက်အခဲ၊ ရေအောက်တွင် ကြုံတွေ့ရသော အခက်အခဲတို့အပြင် ငွေကြေးအခက်အခဲတို့ကြောင့် သုံးပတ်ဖြင့် ရပ်နားခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

"ခေါင်းလောင်းကြီးကျသွားတာက နှစ်ပေါင်း ၄၀၀ ကျော်လာတာရယ်၊ သံပါ ဝင်တဲ့အတွက် ဓာတ်ပြုသွားနိုင်တာရယ်၊ မြစ်ကြောင်းပြောင်းလဲမှုတွေကြောင့် ဘယ်နေရာမှာရှိနိုင်မလဲဆိုတာ ခန့်မှန်းရခက်ပါတယ်။ ကျွန်တော်တို့ပထမဆုံး ဆယ်ပြီးတဲ့နောက်မှာ ဒီနှစ်ဆန်းပိုင်းကျိုက်ထီးဆောင်းဆရာတော်ကြီးအပါအဝင် ၁၂ ဖွဲ့ ရှိသွားပြီ။ ဘယ်သူမှ ဆယ်ယူနိုင်ခဲ့တယ်လို့ မကြားမိခဲ့ဘူး၊ ကျွန်တော်တို့ဆယ်စဉ်က ငွေကြေးမတတ်နိုင်လို့ ရပ်သွားခဲ့တာ ဆယ်ပြီးတဲ့အဖွဲ့တွေက ဘာကြောင့်ရပ်သွားတယ်ဆိုတာ မပြောခဲ့ဘူး၊ မရှင်းပြခဲ့ဘူး။ ငွေကြေးတောင့်တင်းတဲ့ ပုဂ္ဂိုလ်တွေလည်း ဆယ်ခဲ့တာပါပဲ။ အခု ဩဂုတ် ၁၀ ရက်က စဆယ်တဲ့ ဦးစံလင်းတို့ကို ကြိုဆို ဝမ်းသာပါတယ်။ ဆယ်ယူရရှိခဲ့ရင် နိုင်ငံတော်အတွက် ဂုဏ်ယူစရာဖြစ်သလို သမိုင်းအထောက်အထားအတွက် ကမ္ဘာမှာ ဝင့်ကြွားစရာဖြစ်လာမှာပါ။ ခေါင်းလောင်းကြီး ကိုဆယ်ယူပြီးရင် ရွှေတိဂုံစေတီတော်မှာပဲ လှူဒါန်းမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြောင့် ကျွန်တော်တို့ဆယ်ယူစဉ်ကလို နိုင်ငံတော်ကို လှူမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားရှိချက်တူတဲ့အတွက် အောင်မြင်စေချင်ပါတယ်" ဟုဆက်လက်ပြောကြားသည်။

ဓမ္မစေတီခေါင်းလောင်းကြီးကို ဆယ်ယူရရှိခဲ့ရင် နိုင်ငံတော်အတွက် ဂုဏ်ယူစရာ ဖြစ်သလို သမိုင်းအထောက်အထားအတွက် ကမ္ဘာမှာ ဝင့်ကြွားစရာ ဖြစ်လာမှာပါ။

၁၉၈၇ မှ ၁၉၉၇ ခုနှစ်အထိ အမေရိကန်နိုင်ငံသား ဂျင်ဘလန်က (၄)ကြိမ်တိုင် ဓမ္မစေတီခေါင်းလောင်းကြီးကို ရှာဖွေခဲ့ပြီး ဒေါပုံမြစ်နှင့် ရန်ကုန်မြစ်ဝဆုံရာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၆ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၃ မိနစ်တွင် ရှိနိုင်သည်ဟုယူဆခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် အကြီးဆုံးခေါင်းလောင်းကြီးမှာ ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဇာကိုလိုကော ခေါင်းလောင်းကြီးဖြစ်ပြီး တန်ချိန် ၂၀၀ ကျော်ရှိ၍ အေဒီ-၁၈၅၃ တွင်သွန်း လုပ်ခဲ့ကြောင်း၊ ဒုတိယအကြီးဆုံး ခေါင်းလောင်းကြီးမှာ မော်စကိုမြို့ တွင်ရှိ၍တန်ချိန် ၁၂၈ တန်ရှိပြီး တတိယခေါင်းလောင်းကြီးမှာ မင်းကွန်းရှိ ၈၉ တန်ရှိသော အေဒီ-၁၈၀၈ တွင် ဘိုးတော်ဘုရားသွန်းလုပ်ပူဇော်ခဲ့သော မင်းကွန်းခေါင်းလောင်းကြီးဖြစ်ကြောင်း သိရသည်။

ရေအောက်မှဆယ်ယူနေသော ဓမ္မစေတီခေါင်းလောင်းကြီးသည် တန်ချိန် ၃၀၀ ဟုဆိုထားသောကြောင့် ရထားခေါင်းတွဲတစ်ခုလျှင်တန် ၃၀ ဆိုပါက ခေါင်းတွဲ ၁၀ တွဲနှင့် ညီမျှသော အလေးချိန်ရှိ၍ ကမ္ဘာတွင် အကြီးဆုံး ခေါင်းလောင်းကြီးအဖြစ် မှတ်တမ်းဝင်သွားမည် ဖြစ်သည်။

(၁၆၄)

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများအား လက်ခံတွေ့ဆုံ၍ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြား

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ အယ်ဒီတာနှင့် သတင်းထောက်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းနောက် Ji Ji Press, NHK, Sankei Shimbun, Wall Street (US) (အခြေစိုက်)၊ Channel News Asia, AFP, DVB, RFA, မဇ္ဈိမ၊ ကုမုဒြာဂျာနယ်၊ ပြည်ထောင်စုနေ့စဉ်သတင်းစာ၊ MRTV-4 သတင်းဌာနတို့မှ အယ်ဒီတာနှင့် သတင်းထောက်များက သိရှိလိုသည့်အချက်များကိုမေးမြန်းကြရာ ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပသတင်းဌာန ၁၈ ခုမှ အယ်ဒီတာနှင့် သတင်းထောက် ၃၇ ဦးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စစ်ဆူ့ရှ်မားဆွာရာ့ဂ်ျအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စစ်ဆူ့ရှ်မား ဆွာရာ့ဂ်ျ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝ မြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်အလုပ်သမား၊ တောင်သူလယ်သမားနှင့် လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ဦးဌေးဝင်း၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး အိန္ဒိယပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂေါ်တန်မူဒို ပါဒါယလည်း တက်ရောက်သည်။

(သတင်းစဉ်)

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့် ညှိနှိုင်းလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံရေးပါတီများသို့ ငြိမ်းချမ်းရေးဖြစ်စဉ်များအား ရှင်းလင်းတင်ပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်သိမ်း၊ ဦးပိုက်ထွေးနှင့် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၆၆ ပါတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅၁ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အရေးပါသည့်ဆွေးနွေးပွဲကို စုံစုံညီညီ တက်ရောက်လာကြသဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်က နိုင်ငံတော်သမ္မတကြီးက တစ်ပြည်လုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှု ပြုလုပ်ခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို လိုက်လံတွေ့ဆုံပြီး ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း။

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အဖွဲ့ဝင် ၅၂ ဦးပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီကိုလည်း ဆက်လက်ဖွဲ့စည်းခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင် အထောက်အကူပြု လုပ်ငန်းအဖွဲ့အနေဖြင့် ပါဝင်ရန် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(Myanmar Peace Center)ကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီအနေဖြင့် ငြိမ်းချမ်းရေး ဆောင်ရွက်သည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အလွတ်သဘော အကြိမ် (၂၅၀)ခန့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ အကြိမ် (၅၀)ကျော် ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အနည်းဆုံး အကြိမ် (၁၅၀)ကျော် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုင်ရာ ပုံမှန်ဆွေးနွေးပွဲများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးဖိုရမ်များနှင့် နိုင်ငံတကာပညာရှင်များ ပါဝင်သည့် ကွန်ဖရင့်များကိုလည်း ကျင်းပနိုင်ခဲ့ပါကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၆)ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် သဘောတူညီချက်များရရှိရေး ဆွေးနွေးညှိနှိုင်းခဲ့ပြီး လက်ရှိအခြေအနေတွင် အဖွဲ့(၁၄)ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက်များ ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ရပ်စဲရေးသဘောတူညီချက်" လက်မှတ်ရေးထိုးနိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ညှိနှိုင်းအကောင်အထည်ဖော်လျက် ရှိကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နိုင်ငံရေးပါတီများသို့ ငြိမ်းချမ်းရေးဖြစ်စဉ်များအားရှင်းလင်းတင်ပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ လက်ရှိအခြေအနေအချို့ကို ရှင်းပြရန်နှင့် မူဘောင်ရေးဆွဲရေးအပြင် ရှေ့တွင် ဖြတ်သန်းရမည့်ကိစ္စများကြိုတင်ပြင်ဆင်ထားနိုင်ကြရန် ယခုကဲ့သို့ ဖိတ်ခေါ်ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အချိန်သည် အလွန်တန်ဖိုးရှိပါကြောင်း၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ကြိုးစားနေသည်နှင့်တစ်ပြိုင်နက် မူဘောင်အတွက် ကြိုတင်ပြင်ဆင်ဆွေးနွေးခြင်းများကိုလည်း စတင်ဆောင်ရွက်လိုခြင်း ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်နှစ်ခု တစ်ပြိုင်တည်း ဆောင်ရွက်ရန်လည်း လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် သဘောတူညီမှုရခဲ့ပြီးဖြစ်ပါကြောင်း၊ ဒိုင်ယာလော့ခ်ပါတနာဖြစ်သည့် နိုင်ငံရေးပါတီများဘက်ကလည်း ယခုအချိန်ကစပြီး ပြင်ဆင်နိုင်ရန် အသိပေးလိုပါကြောင်း။

မိမိတို့အစိုးရအဖွဲ့သည် ငြိမ်းချမ်းရေးကိုမဆုတ်မနစ် ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲကိုသွားနိုင်မှသာလျှင် စစ်ပွဲများရပ်စဲနိုင်မည်၊ ငြိမ်းချမ်းရေးရမည် ဖြစ်ပါကြောင်း၊ မတူကွဲပြားသည်များကို လက်ခံနိုင်ပြီး ဒီမိုကရေစီသာ တူညီမျှမှုစသည်များကို အခြေခံသည့် အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင် နိုင်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်လာမည်ဖြစ်ပါကြောင်း။

ယနေ့ ဆွေးနွေးပွဲမှစပြီး မူဘောင်ဆွေးနွေးပွဲများကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့ လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက် လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဦးခင်မောင်ဌေး၊ ပြည်သူ့ လွှတ်တော် အလုပ်သမား၊ တောင်သူ လယ်သမားနှင့် လူငယ်ရေးရာ ကော်မတီအတွင်းရေးမှူး ဦးဌေးဝင်း၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စု လွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော် ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဇီပင်းလည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအားလက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာရိဆုယုံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့ လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဦးခင်မောင်ဌေး၊ ပြည်သူ့ လွှတ်တော်အလုပ်သမား၊ တောင်သူ လယ်သမားနှင့် လူငယ်ရေးရာ ကော်မတီအတွင်းရေးမှူး ဦးဌေးဝင်း၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ် တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော အဖွဲ့နှင့်အတူ ကိုရီး ယားဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

မြန်မာနိုင်ငံသည် မိမိတို့၏ဈေးကွက်များနှင့် သယံဇာတအရင်းအမြစ်များကို ကောင်းစွာဖွံ့ဖြိုးတိုးတက်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုလျက်ရှိပါကြောင်း၊ သို့ရာတွင် ဈေးကွက်ဖွံ့ဖြိုးမှုနှင့် တစ်ပြိုင်တည်း သယံဇာတအရင်း အမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းကို ထိရောက်စွာ ကာကွယ်နိုင်မည့် မှန်ကန်သောမူဝါဒများ ချမှတ်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံက များစွာလိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်ဝင်ဆံ့မှုတို့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ဆောင်ကြဉ်းပေးနိုင်ပါကြောင်း၊ ကုန်ထုတ်လုပ်မှု၊ ကျွမ်းကျင်မှု၊ ကုန်သွယ်မှု၊ အလုပ်အကိုင်ဖန်တီးမှု၊ ဝင်ငွေရရှိမှု၊ စားသုံးမှုများတိုးတက်လာခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ရရှိစေမည် ဖြစ်ပါကြောင်း၊ သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် အခြားနိုင်ငံများတွင် ခံစားခဲ့ရသည့် ဆိုးကျိုးများကိုလည်း သင်ခန်းစာရယူ ရှောင်ရှားနိုင်ရန် လိုအပ်ပါကြောင်း၊ လူမှုတာဝန်သိမှုစိတ်ဓာတ် အပြည့်အဝရှိသော တိုင်းပြည်နှင့် လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးတစ်စုံတစ်ရာ ပေးဆပ်နိုင်မည့်ဆန္ဒ ပြင်းပြသည့် တာဝန်သိ၊ ရေရှည်ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ကိုင်နိုင်မှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် ဤဆိုးကျိုးရလဒ်များကို ရှောင်ရှားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီများသည် ဤရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများအတွက် လိုအပ်သည့်အရည်အသွေးမီ အမာထည်နှင့် အပျော့ထည် အခြေခံအဆောက်အအုံများ ဖြစ်ထွန်းရေးကို များစွာအထောက်အကူပြုသည့်အတွက် အရေးပါလှပါကြောင်း၊ သို့ရာတွင် ရေရှည်ကိုးစားရမည့်အဖြေ မဟုတ်ပါကြောင်း၊ ချမ်းသာကြွယ်ဝရေးအတွက် ဘက်ပေါင်းစုံ အခြေအနေပေးနေသည့် မိမိတို့နိုင်ငံအနေဖြင့် ပြည်ပအကူအညီများအပေါ် ထာဝစဉ်မှီခိုအားထားရန် ဆန္ဒမရှိပါကြောင်း၊ မိမိတို့၏ပုဂ္ဂလိကကဏ္ဍကို နိုင်ငံခြားအရင်းအနှီး၊ ကျွမ်းကျင်မှု၊ အသိပညာများနှင့်ပေါင်းစပ်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု ဖန်တီးရန်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် ထက်သန်သော နိုင်ငံရေးဆန္ဒ၊ အားကောင်းသော ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်မှု၊ ပါဝင်ပတ်သက်သူအသီးသီး၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် ခိုင်မာသည့် ခံယူချက်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ မြင့်မားလာမှုတို့သည် အရေးပါသောအချက်များဖြစ်ပါကြောင်း၊ ထို့အပြင် အရေးအကြီးဆုံးအချက်မှာ အနာဂတ်အတွက် သော့ချက်ကျသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်မရှိဘဲ အနာဂတ်တွင် မိမိတို့မျှော်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို ရရှိနိုင်မည်မဟုတ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာကုန်သွယ်မှု၊ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီများဖြင့် မိမိတို့လူသားအရင်းအမြစ်အင်အားနှင့် စွမ်းဆောင်ရည်ကို ထိရောက်စွာ မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာချမှတ်နိုင်ရေးအတွက် ယခုဆွေးနွေးပွဲမှ အဖြေနှင့် နည်းလမ်းကောင်းများ ရှာဖွေပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များသည် စုပေါင်း၍ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ University of Cambridge မှ Dr.Ha Joon Chang၊ Jawaharlal Nehru University မှ Mr. Rick Rowden၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ TMW Enterprise.Ltd မှ ဒါရိုက်တာ ဒေါ်ဝေဝေသစ်လွင်၊ အာရှ ဖွံ့ဖြိုးရေးဘဏ်မှ Dr.Armin Bauer ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအကြံပေး Mr. Michael Slingsby၊ NESAC မှ ဦးမိုးကျော်၊ ဒေါက်တာဒေါ်ယဉ်ယဉ်နွယ်နှင့် ဒေါက်တာသန်းမြင့်ဦးတို့က လက်ရှိမြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော စီးပွားရေးပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီမှ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားကုန်သွယ်မှုနှင့် နိုင်ငံတကာ၏ အထောက်အပံ့ အခန်းကဏ္ဍ၊ လက်ရှိမြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော စီးပွားရေး ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မှန်ကန်သော မူဝါဒများ ကျင့်သုံးနိုင်ရေး၊ နိုင်ငံတကာဆိုင်ရာ စီးပွားရေး အကျပ်အတည်းနှင့် စိန်ခေါ်မှုများအား ဖြေရှင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရွှေကျင်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၉၇လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၆၇ လက်မ၊ ဝမြို့တွင် ၂ ဒသမ ၅၂ လက်မနှင့် ညောင်လေးပင်မြို့တွင် ၂ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ရေး လုပ်ငန်းကော်မတီအနေဖြင့် သော်လည်းကောင်း၊ မိမိတို့ပါတီ အချင်းချင်း သော်လည်းကောင်း တွေ့ဆုံဆွေးနွေး ပြင်ဆင်ကြရင်းဖြင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ မြန်မြန်ဖြစ်လာတော့မည် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သော "လွတ်လပ်ရေးရရှိပြီးတဲ့အချိန်မှစပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအကွဲအပြဲများကို အခြေခံတဲ့ ပဋိပက္ခများကြောင့် ခါးသီးတဲ့အတွေ့အကြုံတွေ ကြုံတွေ့ခဲ့ရပါတယ်။ အခုအချိန်မှာ ယင်းအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့နဲ့ မိမိတို့တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ဖို့ လက်တွဲဖော်ဆောင်ရမည့်အချိန်ကာလလည်း ဖြစ်ပါတယ်" ဟူသည့် မိန့်ကြားချက်ကိုလည်း အလေးအနက်ထားစေလိုပါကြောင်း။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် အစိုးရသက်တမ်းကာလအတွင်းတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များ နောက်ပြန်မလှည့်စေရန်၊ အခြေခိုင်သည့် အုတ်မြစ်ချခဲ့ရန် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ "နောက်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို "တစ်" ကနေ ပြန်စရခြင်းမျိုးမဖြစ်ရအောင်" ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူ၊ တာဝန်ခံ လုပ်ဆောင်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် MPC အလုပ်အဖွဲ့မှ ဦးအောင်နိုင်ဦး၊ ဒေါက်တာကျော်ရင်လှိုင်နှင့် ဦးလှမောင်ရွှေတို့က လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေး ဆွေးနွေးမှု မူဘောင်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် ကိစ္စများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများက ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပါတီများဆက်စပ်မှု၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အကြံပြုချက်များ၊ နိုင်ငံရေးဆွေးနွေးပွဲအတွက် လိုအပ်သည့် မူဘောင်များ၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် တိကျသည့် အဆိုပြုချက်များ သတ်မှတ်ရန်လိုအပ်ပုံများ၊ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို အမြန်ဆုံးချုပ်ဆိုရန် လိုအပ်ပုံများ၊ နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၊ ပါဝင်သင့်သည့် အဖွဲ့အစည်းဆိုင်ရာများကို အကျယ်တဝင့်အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း) မှ ဦးကိုကိုကြီး၊ ဦးဟန်ညောင်ဝေ၊ ဒေါက်တာသောင်းထွန်း၊ ဦးဘိုဘိုကျော်ငြိမ်း၊ ဦးမောင်မောင် (FTUM) တို့က တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ရေးအတွက် ဆွေးနွေးကြရာတွင် သုံးသပ်စဉ်းစားသင့်သည်များ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီ၏ အခန်းကဏ္ဍအရေးကြီးပုံများ၊ နိုင်ငံသားတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ကာကွယ်စောင့်ရှောက်နိုင်ရေး ထည့်သွင်းဆွေးနွေးရန် လိုအပ်ပုံများ၊ မိမိအကျိုး၊ မိမိအဖွဲ့အစည်းအကျိုးကို ဦးစားမပေးရန် လိုအပ်ပုံများ၊ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီမှ ဦးဇိုဇမ်က ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်သွားရန် လိုအပ်ပုံများကို တိုက်တွန်းပြောကြားပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနမှ ဒေါက်တာ ဒေါ်ရီဘက်ခါထင်၊ ဒေါက်တာ ကျော်ရင်လှိုင်နှင့် ဦးလှမောင်ရွှေတို့က တစ်နေ့တာဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ သုံးသပ်တွေ့ရှိချက်များနှင့် ငြိမ်းချမ်းရေး၏ ရှေ့အလားအလာများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အပြန်အလှန်ဆွေးနွေးခြင်းအခမ်းအနားကို တက်ရောက်ကြသည့် နိုင်ငံရေးပါတီများ၏ သဘောထားထုတ်ပြန်ချက်ကို ဖယ်ဒရယ်ပြည်ထောင်စုပါတီမှ ကိုယ်စားလှယ်တစ်ဦးက ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဆွေးနွေးပွဲကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

> **" အစိုးရအဖွဲ့အနေဖြင့် အစိုးရသက်တမ်းကာလအတွင်းတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များ နောက်ပြန်မလှည့်စေရန်၊ အခြေခိုင်သည့် အုတ်မြစ်ချခဲ့ရန် ဦးတည်ဆောင်ရွက်လျက်ရှိ "**

တွေ့ဆုံမေးမြန်း

❒ *ကျော်ဖုံးမှ*

တိုင်းရင်းသားအဖွဲ့တွေနဲ့ ဆွေးနွေးတာဖြစ်တာမို့ နိုင်ငံရေးဆွေးနွေးပွဲလုပ်ရင် ပါသင့်ပါထိုက်တဲ့သူတွေ ပါရမှာဖြစ်ပါတယ်။ အဓိက ကျတဲ့အဖွဲ့က နိုင်ငံရေးပါတီတွေပဲဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေနဲ့ Myanmar Peace Center နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး ခုနကလိုယှဉ်ပြီးတော့ ဒီနေ့ဆွေးနွေးမယ့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲတာတွေ ယှဉ်ပြီးဆွေးနွေးမယ်။ ဒါဟာအားလုံးက အလွတ်သဘောဆွေးနွေးမှာပါ။ ဒီမှာ ဆွေးနွေးတဲ့ကိစ္စအားလုံးကို အတည်ယူလို့မရဘူး။ အချိန်မကုန်အောင်လို့ နောက်တစ်ခုက နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးကို မရရအောင်လုပ်မယ်။ တွေ့ဆုံဆွေးနွေးပွဲကို မရရအောင် သွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို ပြတာဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးပါတီတွေ အားလုံးဖိတ်ထားပါတယ်။ စုစုပေါင်းအင်အား ၁၅၀ လောက်တက်မယ်လို့ သိထားပါတယ်။ နိုင်ငံရေးပါတီတွေ အားလုံးတက်မယ်။ ဒီနေ့တစ်ရက်လုံး အလွတ်သဘော ဆွေးနွေးကြမယ်။

ဦးဇိုဇမ် (ဥက္ကဋ္ဌ၊ ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ)

ဦးထွယ်အောင် (ကချင်အမျိုးသား ဒီမိုကရေစီကွန်ကရက်ပါတီ)

ဦးမျိုးညွန့် (ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ)

ဦးမန်းအောင်ပြည့်စိုး (ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ)

မူဘောင် ကောင်းအောင်လို့တော့ နည်းနည်းလေး အကြံဉာဏ်ပေးခဲ့တယ်။ ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်ဖို့အလားအလာကတော့ အခု ၇၅ ရာခိုင်နှုန်းလောက်ရှိပြီလို့ထင်တယ်။ အပြည့်အဝအောင်မြင်မယ်လို့တော့ ကျိန်းသေပေါက်ပြောလို့တော့ မရဘူး။ ဘာလို့လဲဆိုတော့ တိုင်းရင်းသားတွေက အပစ်အခတ်ရပ်စဲရုံနဲ့ တကယ့်ငြိမ်းချမ်းရေးက မရနိုင်သေးဘူး။ တိုင်းရင်းသားတွေလိုချင်တဲ့ ဒီမိုကရေစီအရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စု အဲဒါတွေရရှိမှပဲ တကယ့် ငြိမ်းချမ်းရေးကို ရနိုင်မယ်လို့ ဒီလိုပဲခံယူထားတယ်။ လာ မယ့်နိုင်ငံရေးဆွေးနွေးပွဲမှာ သူတို့က ဘယ်လိုနာမည်ပေးမယ်မသိဘူး။ ကျွန်တော်တို့ဘက်က ပင်လုံဒုတိယပင်လုံ မလိုချင်တော့ဘူး။ **ပင်လုံလက်မှတ်ရေးထိုးစဉ်က မြန်မာနိုင်ငံအောက်ပိုင်း မွန်၊ ရခိုင်၊ ကရင်တို့ မပါခဲ့ဘူး။ ပါတာက မြန်မာနိုင်ငံ အထက်ပိုင်း ရှမ်း၊ ကချင်၊ ချင်းတို့ပဲပါတာ၊ ကယားတောင်မှ နောက်မှပါတာ၊** အဲတော့ ဒုတိယပင်လုံ သဘောမျိုးကို မကြိုက်ဘူး။ နောက်တစ်ခုက အမျိုးသားညီလာခံဆိုတာ မကြိုက်ဘူး။ ဘာကြောင့်မကြိုက်လဲဆိုတော့ တစ်ချိန်တုန်းက အမျိုးသားညီလာခံ နှစ်အတော်ကြာကြာလေး ကျင်းပခဲ့ပြီးတော့မှ နောက်မှ နာဂစ်မုန်တိုင်းနဲ့ဆို ၂၀၀၈ ဖွဲ့စည်းပုံလုပ်လာတယ်၊ လုပ်လာတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း အခုထက်ထိ ပြောရမယ်ဆိုရင် ပြင်စရာတွေအများကြီးကျန်တယ်။ အကြံပြုချင်တာက ပင်လုံအစား၊ အမျိုးသားညီလာခံအစား ပြည်ထောင်စုညီလာခံလို့ပြောမယ်ဆိုရင် ကြိုက်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)

ဒီလိုမျိုးပုံစံ ငြိမ်းချမ်းရေးက ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်းမှာ ဒါပထမဆုံးအကြိမ်ပေါ့။ တော်လှန်ရေးကောင်စီတုန်းကလည်း ဒီလိုဆွေးနွေးပွဲ၊ ၁၉၈၉ ခုနှစ်ကလည်း အပစ်အခတ်ရပ်စဲရေးဆိုတာရှိခဲ့တယ်။ နိုင်ငံရေးပါတီတွေ မပါခဲ့ဘူး။ ဒါဒီတစ်ကြိမ်က ပထမဆုံးအကြိမ်ပဲ။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စအတွက်ဆိုရင် လက်နက်ကိုင်တိုင်းရင်းသားညီအစ်ကိုတွေရော၊ တိုင်းရင်းသားပါတီတွေရော၊ ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ ပါတီတွေအားလုံး လွတ်လွတ်လပ်လပ် တစ်ခါတည်း ဆွေးနွေးရတာပေါ့၊ ဆွေးနွေးတဲ့အခါမှာလည်း အမြင်ကတော့ အမျိုးမျိုးရှိတာပေါ့။ ကျွန်တော်တို့မြင်တာတော့ ဘယ်လိုစလဲဆိုတော့ သမ္မတကြီးကနေစပြီးတော့ ငြိမ်းချမ်းရေးလွန်ခဲ့တဲ့ ၃ နှစ်လောက်ကစပြီးတော့ ကမ်းလှမ်းတယ်လေ။ ကမ်းလှမ်းပြီးတော့ အခု လက်နက်ကိုင်အဖွဲ့အစည်းက ၁၇ ဖွဲ့လောက်ဖြစ်လာပြီ။ အပစ်အခတ်ရပ်စဲရေးကလည်း ၉၀ ရာခိုင်နှုန်းကျော်လောက် ဆွေးနွေးလို့ အဆင်ပြေနေပြီလို့ပြောတယ်။ ၅ ရာခိုင်နှုန်း ၊ ၁၀ ရာခိုင်နှုန်း ကျန်တာလည်း လာမယ့်နှစ်ရက်၊ သုံးရက်အတွင်းမှာ အကုန်လုံးအဆင်ပြေသွားမယ်လို့ မျှော်လင့်တယ်။ အပစ်အခတ်ရပ်စဲပြီးရင် နိုင်ငံရေးဆွေးနွေးပွဲတွေလာမှာပေါ့၊ အဲဒါဆိုရင် ပြည်ထောင်စုကြီးအတွက် ငြိမ်းချမ်းရေး ရောင်ခြည်သန်းလာပြီလို့ ပြောလို့ရတာပေါ့။

ဦးသိန်းညွန့်(အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ)

ပြည်တွင်းငြိမ်းချမ်းရေးရဖို့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့လုပ်ငန်းမှန်သမျှ ကျွန်တော်တို့ ထောက်ခံပါတယ်။ ၆၅ နှစ်မှာ ပြည်တွင်းစစ်ကြောင့် ပြည်သူလူထုဒုက္ခရောက်ပြီးတော့ တိုင်းပြည်ဆင်းရဲတွင်းနက်ရတဲ့အကြောင်းလည်း အဓိကအကြောင်းတစ်ချက်ပေါ့။ ပြည်တွင်းငြိမ်းချမ်းရေး အမြန်ရဖို့ကိစ္စတွေမှာ ကျွန်တော်တို့တတ်နိုင်သမျှ ပံ့ပိုးကူညီပေးဖို့ နိုင်ငံရေးပါတီဥက္ကဋ္ဌအနေနဲ့ရော၊ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ရော တာဝန်ရှိပါတယ်။ ဒီတာဝန်အရ ကျွန်တော်ဆွေးနွေးမယ့် အလှည့်ရောက်ရင် ဒီအပစ်အခတ်ရပ်စဲရေးစာချုပ် အမြန်ဆုံးလက်မှတ်ထိုးဖို့ ဒီနေ့ တက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက တိုက်တွန်းကြောင်းပြောလိုပါတယ်။

မူဘောင်အတွက်က Myanmar Peace Center က တင်ပြတဲ့ဟာတွေက ပညာရပ်အနေနဲ့ကတော့ ပြောစရာမရှိပါဘူး။ အရေးအကြီးဆုံးကတော့ ဒီပြဿနာတွေ အားလုံးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိခဲ့လို့ ပြည်တွင်းစစ်ဖြစ်ခဲ့ရတာ။ အမျိုးသားပြန်လည်သင့်မြတ်ရေး ရအောင် ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ နိုင်ငံရေးဗဟိုရပ်တည်ချက် အဲဒါကို အကောင်အထည်ဖော်ဖို့ အဓိကကြိုးပမ်းရမှာပါ။ နည်းပညာပိုင်းကိုတော့ မပြောလိုပါဘူး။ မူဘောင်နမူနာပြသထားတာကိုတော့ မပြောလိုပါဘူး။ ပါသင့်ပါထိုက်တဲ့သူ၊ ဒါကတော့ တိုင်းပြည်ပေါ်မှာတာဝန်ရှိတဲ့အစိုးရပေ့ါ၊ အစိုးရဆိုတဲ့အခါမှာ မြန်မာပြည်ရဲ့ အခြေအနေအရ အစိုးရဘက်က တပ်မတော်ပေါ့၊ ဟိုဘက်က လက်နက်ကိုင်အဖွဲ့အစည်းတွေပေါ့၊ အဲဒီကြားထဲမှာ လွှတ်တော်က အဆုံးအဖြတ်ပေးရမှာကို။ အားလုံးက အပြီးသတ်အဆုံးအဖြတ်ပေးရမှာ လွှတ်တော်။ လွှတ်တော်က သဘောတူရမယ်ဆိုတော့ အခု Myanmar Peace Center တင်ပြထားတဲ့ ဇယား(၁)၊ ဇယား(၂)မှာပါတဲ့ အင်အားစုအားလုံးပါရေးက ပုံသဏ္ဌာန်သာကွဲမှာပဲ၊ အဓိကက နိုင်ငံရေးပါတီရော၊ အစိုးရရော၊ တိုင်းရင်းသားအင်အားစုတွေရော၊ တပ်မတော်ရောပါဝင်တဲ့ ပုံသဏ္ဌာန်ဆိုရင် ဘယ်ပုံစံမဆို ကျွန်တော်ထောက်ခံတယ်။

ငြိမ်းချမ်းရေး တစ်ရက်နောက်ကျရင် တစ်ရက်တိုင်းပြည်နဲ့ ပြည်သူလူထုနာတာပေါ့၊ အဲဒီတော့ နိုင်ငံရေးခေါင်းဆောင်တွေက လက်နက်ကိုင်တဲ့သူရော၊ လက်နက်မကိုင်တဲ့သူရော၊ ပြည်သူကိုတကယ်ချစ်တယ်၊ တိုင်းပြည်အတွက် တကယ်ကိုအလေးထားတယ်ဆိုရင်တော့ မိမိတို့မှာရှိနေတဲ့ အခံလေးတွေကိုလျှော့စေချင်ပါတယ်။

ဦးဇိုဇမ် (ဥက္ကဋ္ဌ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ)

ငြိမ်းချမ်းရေးမရဘဲ နိုင်ငံရေးဆွေးနွေးပွဲလုပ်လည်း အဆင်ပြေမှာမဟုတ်ဘူး။ ဘာဖြစ်လို့ ငြိမ်းချမ်းရေးမရတာလည်းဆိုတော့ နိုင်ငံရေးအဆင်မပြေလို့၊ နိုင်ငံရေးသမားတွေက အားလုံးထဲမှာ တာဝန်အများကြီးရှိတယ်။ ငြိမ်းချမ်းရေးအတွက်၊ နိုင်ငံရေးအတွက်ဆိုတာ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ရယ်၊ အစိုးရရယ်၊ နိုင်ငံရေးသမားရယ် သုံးပွင့်ဆိုင်ဆွေးနွေးရမယ်၊ သုံးပွင့်ဆိုင်ဆွေးနွေးတာ အောင်မြင်ဖို့အတွက် ပါဝင်သင့် ပါဝင်ထိုက်တဲ့သူအားလုံးကိုလည်း ပါဝင်ပေးရမယ်။ နိုင်ငံရေးပါတီတွေ မူဘောင်ကို ကိုယ့်ပုံစံနဲ့ကိုယ်ဆွဲ၊ ပြီးလို့ရှိရင် ထွက်လာတဲ့ မူဘောင်အသီးသီးကို တစ်နေရာမှာ ဆုံမှတ်တစ်ခုလုပ်မယ်။ အဲဒီထဲက ကောင်းနိုးရာရာကို စုမယ်။ ပထမ ဦးစားပေး၊ ဒုတိယဦးစားပေးဆိုပြီး နောက်ဆုံးမူဘောင်တစ်ခုတည်း ထွက်လာမှာဖြစ်တယ်။

ဦးအေးသာအောင် (ရခိုင်အမျိုးသားပါတီ)

ဆွေးနွေးတဲ့အခါမှာ အပစ်အခတ်ရပ်စဲတဲ့ လက်နက်ကိုင်အဖွဲ့အစည်းအပြင် နိုင်ငံရေးပါတီများလည်းပါမယ်ပေ့ါ။ နောက်တစ်ဆင့်က အားလုံးဆွေးနွေးလို့ရလာတဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို အကောင်အထည်ဖော်ဖို့အဆင့် ရှိတယ်။ ဒီနေ့ဆွေးနွေးပွဲကောင်းပါတယ်။ နောက်လည်း ဒီလိုဆွေးနွေးပွဲလုပ်ပေးဖို့ လိုမယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ကတော့ ပြောချင်တာအချက် နှစ်ချက်ရှိတယ်။ အခု အပစ်အခတ်ရပ်စဲရေးမှာ ကြန့်ကြာနေတဲ့ အခုအချိန်အထိ နှစ်ဖက်သဘောတူညီချက် မူဘောင်တွေမရသေးဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပြည်ထောင်စုအနေနဲ့ ငြိမ်းချမ်းရေးရဖို့လိုတယ်။ ဘာဖြစ်လို့ ငြိမ်းချမ်းရေးရဖို့လိုသလဲ၊ ဒီနေ့မြန်မာနိုင်ငံဟာ တိုင်းပြည်ချွတ်ခြုံကျတယ်။ ဘက်စုံ ယိုယွင်းကျဆင်းတယ်၊ ဒါတွေက ပြည်တွင်းစစ်ကြောင့်ဖြစ်ခဲ့တယ်လို့ ယူဆတယ်။

ကမ္ဘာ့အလယ်မှာလည်း အဆင်းရဲဆုံး နိုင်ငံ တစ်နိုင်ငံဖြစ်နေပြီ။ ဒီတော့ ကျွန်တော်တို့ ပြည်တွင်းစစ်ကို ရပ်ဖို့လိုတယ်။ မဖြစ်မနေရပ်ဖို့လိုတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ဖို့လိုတယ်။ အပစ်အခတ်ရပ်စဲဖို့ ကဏ္ဍမှာ လည်း ယုံကြည်မှုကို တည်ဆောက်ဖို့လိုတယ်။ ယုံကြည်မှု ကဏ္ဍမှာလည်း ယုံကြည်လောက်တဲ့အနေအထားလေးကို ဖန်တီးဖို့လိုတယ်။ အဲဒီလိုဖန်တီးတဲ့အခါမှာ အဓိက အစိုးရနဲ့ တပ်မတော်အခန်းကဏ္ဍ အရေးကြီးတယ်။ ယုံကြည်မှုရှိမှ ငြိမ်းချမ်းရေးရမယ်။ ငြိမ်းချမ်းရေးရပြီးမှ နိုင်ငံရေးဖြေရှင်းတဲ့အခါမှာ တကယ်ပြေပြေလည်လည် ဖြေရှင်းနိုင်မယ်လို့ပြောချင်ပါတယ်။

ဦးထွယ်အောင် (ကချင်အမျိုးသားဒီမိုကရေစီ ကွန်ကရက်ပါတီ)

ဒီနေ့ကျင်းပတဲ့ အစည်းအဝေးလုပ်တာကောင်းပါတယ်။ အစည်းအဝေးပဲရှိသေးတဲ့အတွက် အားလုံးစမ်းတဝါးဝါးဖြစ်နေသေးတယ်။ နောက်တစ်ကြိမ် အစည်းအဝေးလုပ်မှ ပိုကောင်းမယ်၊ အခြေအနေကို ထုတ်ဖော်လို့ရမယ်လို့ထင်တယ်။ ယနေ့အစည်းအဝေးဟာ နိုင်ငံရေးပါတီတွေ ဦးစားပေးပါဝင်ခွင့်၊ ဆွေးနွေးခွင့်ပေးရင် ပိုကောင်းမယ်လို့ထင်ပါတယ်။

ဦးမျိုးညွန့် (ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ)

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် ဒီနေ့ပြုလုပ်တဲ့ ဆွေးနွေးပွဲတွင်မကဘူး။ MPC မှာလည်း လစဉ်အဲဒီအစည်းအဝေးတွေကို စဉ်ဆက်မပြတ် ဆွေးနွေးပါဝင်တက်ရောက်ခွင့်ရပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အတော်လေး up date ဖြစ်တယ်။ ဒီနေ့ ပြောတာကတော့ တစ်လလောက်အတွင်း တိုးတက်ဖြစ်ပေါ်လာတဲ့ အခြေအနေသိရပါတယ်။

ဦးထွန်းခိုင် (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)

ဒေါက်တာအေးမောင် (ရခိုင်အမျိုးသားပါတီ)

ဦးဆပ်နပ် (‘ဝ’ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ)

သုံးသပ်ကြည့်ရင် ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှ ပထမအချက်က နိုင်ငံရေးပါတီများရဲ့ ပါဝင်လာမှု၊ ဒီနေ့က စတာပါ။ အရင်တုန်းက မရှိဘူးလားဆိုတော့ရှိတယ်။ ပဏာမအားဖြင့်ပြောရရင် CNF နဲ့ လက်မှတ်ထိုးတဲ့နေရာမှာ ငြိမ်းချမ်းရေး သက်သေအနေနဲ့ လက်မှတ်ထိုးဖို့လိုတယ်။ နိုင်ငံရေးပါတီလေးပါတီရှိတယ်။ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီပါ ပါတယ်။ လေးပါတီထဲက ကိုယ်စားလှယ်အနေနဲ့ လက်မှတ်ထိုးဖူးပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးပါတီ တွေပါဝင်တာဖြစ်တယ်။ မှတ်ပုံတင်တဲ့ နိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုတယ်။ ချင်းမိုင်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာတုန်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး NLD အပါအဝင် နိုင်ငံရေးပါတီ ၁၁ ခုနဲ့ သွားခဲ့ဖူးပါတယ်။ အဲဒါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပါဝင်လာတဲ့ ဒုတိယအကြိမ်ဖြစ်တယ်။

တတိယအကြိမ်က ဇူလိုင် ၂ ရက်ကနေ ၈ ရက်အထိ ဗန်ကောက်မှာ ငြိမ်းချမ်းရေး နဲ့ပတ်သက်ပြီး workshop လုပ်တယ်။ ချင်းမိုင်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အခြား Border မှာရှိနေတဲ့အဖွဲ့အစည်းတွေနဲ့တွေ့တယ်။ ဒါလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဒုတိယအကြိမ် နိုင်ငံရေးပါတီများပါဝင်လာပါတယ်။ အခု တတိယအကြိမ်က သမိုင်းဝင်ပါတယ်။ ၆၆ ပါတီ တက်ရောက်ပါတယ်။ နိုင်ငံရေးဖြစ်စဉ်မှာ ပါတီတွေ ပါဝင်လာတာဖြစ်တယ်။

ဒါနဲ့ပတ်သက်ပြီး နိုင်ငံရေးပါတီများ ပါဝင်လာမှုက နိုင်ငံတော်က အသိအမှတ်ပြုတာ ဝမ်းသာစရာပါ။ နောက် ပြည်ထောင်စုတစ်ခုလုံး တစ်မျိုးသားလုံးအတွက် ဝမ်းသာစရာနေ့ တစ်နေ့ပဲလို့မြင်ပါတယ်။ ငြိမ်းချမ်းရေး အလားအလာနဲ့ပတ်သက်တာကတော့ ငြိမ်းချမ်းရေးအလားအလာ ကောင်းပါတယ်။ ပြည်တွင်းစစ် အနှစ်(၆၀)ကာလမှာ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ကြတယ်။ အခုအချိန်အခါလောက် ငြိမ်းချမ်းရေးနဲ့နီးစပ်အောင် ဆောင်ရွက်ခဲ့တာမရှိဘူး။ **ငြိမ်းချမ်းရေး အလားအလာ နှိုင်းယှဉ်ချက်အရ ပြောရရင် အခုအခါသည် သမိုင်းတစ်လျှောက်လုံးမှာ ကောင်းတဲ့အခြေအနေရောက်လာပါတယ်။**

အပိုင်းလိုက်ပြောရရင် အပစ်အခတ်ရပ်စဲရေး အနေးနဲ့အမြန် ငြိမ်းချမ်းရေးလက်မှတ်ထိုးမှုတွေ ရတော့မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ဘယ်သူတွေပါဝင်မလဲ စဉ်းစားထားတဲ့ အင်အားစုတွေ တင်ပြတာရှိတယ်။ မစဉ်းစားရသေးတဲ့ အင်အားစုတွေရှိတယ်။ စဉ်းစားထားတဲ့ နိုင်ငံရေးပါတီတွေက ဘယ်လိုစဉ်းစားထားလဲ ပြောမယ်။ အမြင်ပေါင်းစုံကနေ စုံလာတာပေ့ါ၊ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်မယ်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်လေ အကောင်းဆုံးအဖြေနဲ့ နည်းလမ်းတွေရနိုင်မယ့် အခြေအနေတွေရှိတဲ့အတွက် ငြိမ်းချမ်းရေးကျင်းပရတဲ့ သိရှိရတဲ့ အချက်တွေကြောင့် ကောင်းမယ်လို့ထင်ပါတယ်။

ဦးထွန်းခိုင် (ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ)

ဒီနေ့ ဆွေးနွေးပွဲပြုလုပ်ရတာ အင်မတန်ကောင်းပါတယ်။ အင်မတန် မွန်မြတ်ပါတယ်။ MPC က နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားတွေ ပါဝင်လာအောင်၊ တိုင်းရင်းသားပါတီက ပါဝင်လာအောင်၊ ပထမအကြိမ်တိုင်းရင်းသားတွေကို အလေးအနက်ထားပြီး နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးပတ်သက်လို့ အခွင့် အလမ်းတွေရလာအောင် ဖန်တီးပေးတာပါ။ နိုင်ငံအတွက်ကလည်း အရေးကြီးပါတယ်။ တိုင်းရင်းသားတွေ ပါဝင်ခွင့်ရတဲ့အတွက်လည်း ကိုယ့်ဆန္ဒကို ဖော်ထုတ်နိုင်မယ်။ အင်မတန်လည်း နိုင်ငံတော်အတွက် အရေးကြီးပါတယ်။ MPC က ဒီလိုဆောင်ရွက်တာလည်း နိုင်ငံတော်ရဲ့ မွန်မြတ်တဲ့ စေတနာလို့ ခံယူပါတယ်။ ဒီတစ်ခေါက်တော့ ပြင်ဆင်ခွင့်မရှိသေးဘူး။ နောင်ကျရင် ပါတီတွင်းမှာ အစည်းအဝေး ဆွေးနွေးပွဲလုပ်ပြီး နိုင်ငံတော်အတွက် အကျိုးပြုတဲ့ ငြိမ်းချမ်းရေး အကျိုးပြုတဲ့ဆောင်ရွက်ချက် ပါဝင်ဆောင်ရွက်မယ်လို့ စီမံဆောင်ရွက်ထားပါတယ်။

ဒေါက်တာအေးမောင်(ရခိုင်အမျိုးသားပါတီ)

ဒီနေ့ဆွေးနွေးပွဲ ပြုလုပ်တာကောင်းပါတယ်။ နိုင်ငံရေးပါတီစုံစုံညီညီကိုဖိတ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဆွေးနွေးဖို့ ပါတီများဖိတ်တာ ဦးတည်ချက်ကောင်းပါတယ်။ ရခိုင်အမျိုးသားပါတီအလိုက်လည်း အစုအဖွဲ့တွေရှိပါတယ်။ ငြိမ်းချမ်းမှုသည် နိုင်ငံရေးကြောင့် ဖက်ဒရယ် ပြည်ထောင်စုကို မတည်ဆောက်နိုင်ဘူး။ နိုင်ငံရေးအရ ဘုံရည်မှန်းချက် မူတည်နေတယ်။ ငြိမ်းချမ်းရေးဆွေးနွေးမှုကို အချိန်တိုအတွင်း ဆွေးနွေးစေချင်တယ်။

အဲဒီလိုဖြစ်ဖို့အတွက် အားလုံးဝိုင်းဝန်းကူညီကြပါ။ နိုင်ငံရေးပါတီများသည်လည်းကောင်း၊ လူထုသည်လည်းကောင်း၊ တပ်မတော်သည်လည်းကောင်း၊ အစိုးရသည်လည်းကောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများသည်လည်းကောင်း ပူးပေါင်းပြီး ငြိမ်းချမ်းမှုအမြန်ဆုံးရအောင်ယူပေးပါ။ အားလုံးအကျိုးပါ။ သူများကူမှ ငြိမ်းချမ်းဖို့ကို မလုပ်ကြဖို့ အချင်းချင်းညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုအကျိုးအတွက် ရအောင်ယူနိုင်ဖို့ အရည်အချင်းလိုတယ်။ ဟိုတုန်းက အခြေအနေတွေ ထားခဲ့ပါ။ အခု ဦးအောင်မင်းတို့လည်း ကျေးဇူးတင်ပါတယ်။ ဒေါက်တာကျော်ရင်လှိုင်တို့အားလုံးလုပ်ပေးတာ၊ သူတို့လုပ်ပေးတာ သုံးနှစ်ကျော်ပြီ။ အချိန်တစ်ခုတွင်းမှာ ဖြတ်လို့ရပြီ ရှည်လျားတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို မသွားချင်တော့ဘူး။

ဦးဆပ်နပ် (‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)

‘ဝ’ဒေသမှာ တရုတ်စာ၊ တရုတ်စကားလွှမ်းမိုးမှုတွေ ပပျောက်အောင်ပါတီကနေ အခြေခံပြီး လုပ်ထားတာရှိပါတယ်။ နိုင်ငံတော်ကလည်း အခုအချိန်ခေါ်တွေ့ခြင်းအားဖြင့်လည်း လက်နက်ကိုင်အဖွဲ့အစည်းနဲ့ တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပြီး ညှိနှိုင်းဆွေးနွေးမှုရှိနိုင်တယ်ဆိုတာ ပြောကြားချင်ပါတယ်။ ဆွေးနွေးပွဲနဲ့ပတ်သက်ပြီး လာမယ့် ‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီကို ဖိတ်ခေါ်ပါလို့ ဆန္ဒရှိပါတယ်။

လက်နက်ကိုင်အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီး ငြိမ်းချမ်းရေးရလဒ်ကို ရယူချင်ပါတယ်။ ငြိမ်းချမ်းရေး ဆိုင်ရာနဲ့ ပတ်သက်ပြီး နိုင်ငံရေးပါတီ၊ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းမှသာ ငြိမ်းချမ်းရေးရလဒ် ယုံကြည်ပါတယ်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စားသုံးရန်မသင့်သော အစားအသောက်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲခွင့်မပြုသော ဆိုးဆေးများပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သော အစားအသောက်များ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	ဆိုးဆေးပါဝင်မှု
၁။	ရှူးရှဲလက်ဖက်	ရွှေစံအိမ်	Auramine O
၂။	ဖလိတ်ပ်ပြား	YIMAO-Food	Orange II

ကျန်းမာရေးဝန်ကြီးဌာန

ရွှေစံအိမ်
အမှတ်တံဆိပ်
ရှူးရှဲလက်ဖက်

YIMAO-Food
အမှတ်တံဆိပ်
ဖလိတ်ပ်ပြား

ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ တွင် ပါရှိသည့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေး ဦးစီးရုံးများ၊ ဆေးရုံများ၊ အခြားအဆင့် အထူးကုဆေးရုံများအတွက် ဆေးဝယ်ယူဆောင်ရွက်မှုများ ဇယားအမှတ်စဉ်(၁) ဗဟိုအဆင့်ဆေးရုံကြီးများ ၃၁ ရုံ၏ လျာထားငွေ ဇယားတိုင်တွင် ဖော်ပြထားသည့် (ကျပ်သန်းပေါင်း) ၂၅၈၉၃၃ (အစား) (ကျပ်သန်းပေါင်း) ၂၅၉၃၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျန်းမာရေးဝန်ကြီးဌာန

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲဒုတိယအဆင့် အုပ်စုပတ်လည် ရှုံး/ထွက်ပြိုင်

နေပြည်တော် ဩဂုတ် ၁၁

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် ရှုံး/ထွက် ပြိုင်ပွဲအဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေး အားကစားကွင်း အမှတ်(၄)၌ (ခခ) အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် အားကစားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အရာထမ်း၊ အမှုထမ်းများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ကွင်းအမှတ်(၃)၌ အုပ်စု(ကက)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။

အနိုင်ရရှိ

ညနေပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ဂဂ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိနှင့် ကွင်းအမှတ်(၄)၌ အုပ်စု(ဃဃ)မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၁၂ ရက် ပွဲစဉ်များအဖြစ် နံနက်ပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ကက)မှ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(ခခ)မှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ဂဂ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(ဃဃ)မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(သတင်းစဉ်)

ရထားပြေးဆွဲမှု ယာယီရပ်ဆိုင်းထားမည့် အစီအစဉ်

နေပြည်တော် ဩဂုတ် ၁၁

မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ဟသ်ာတ-ကြံခင်း-ဘုရားပေါ် ခရီးစဉ်အတွက် အမှတ်(၁၈၃) အဆန်ရထားကို လည်းကောင်း၊ ဘုရားပေါ်-ကြံခင်း-ဟသ်ာတခရီးစဉ်အတွက် အမှတ် (၁၈၄) အစုန်ရထားကိုလည်းကောင်း၊ ဘုရားပေါ်-သရက်ခရီးစဉ်အတွက် အမှတ်(၁၁၉)အဆန်ရထားကိုလည်းကောင်း၊ သရက်-ဘုရားပေါ် ခရီးစဉ်အတွက် အမှတ်(၂၀၀) အစုန်ရထားကိုလည်းကောင်း စီစဉ်ပြေးဆွဲလျက်ရှိသည်။

ဖျက်သိမ်း

ထိုသို့ စီစဉ်ပြေးဆွဲလျက်ရှိရာမှ ယခုမိုးတွင်းကာလအတွင်း ကြံခင်း-ဘုရားပေါ်-သရက်လမ်းပိုင်းအတွင်း မြေသားနိမ့်ကျွံမှုဖြစ်စဉ်များ၊ ရထားလမ်းချော်မှုဖြစ်စဉ်များ ဖြစ်ပေါ်သဖြင့် ရထားခရီးစဉ်အချို့ ဖျက်သိမ်းခဲ့ရသည်။

သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများ လိုရာခရီးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းပိုင်းချွတ်ယွင်းမှုများ ဖြစ်ပေါ်နေသော ကြံခင်း-ဘုရားပေါ်-သရက်လမ်းပိုင်းကို လိုအပ်သောပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် မိုးတွင်းကာလအတွင်း ရထားပြေးဆွဲမှု အစီအစဉ်များကို ယာယီရပ်ဆိုင်းထားမည် ဖြစ်သည်။

ရထားပြေးဆွဲမှု အစီအစဉ်အနေဖြင့် အမှတ်(၁၈၃) အဆန်ရထားအား ဟသ်ာတမှ ကြံခင်းအထိလည်းကောင်း၊ အမှတ်(၁၈၄) အစုန်ရထားအား ကြံခင်းမှ ဟသ်ာတအထိလည်းကောင်း ပြေးဆွဲပေးမည်ဖြစ်ပြီး၊ အမှတ်(၁၉၉) အဆန် ဘုရားပေါ်-သရက်ခရီးစဉ်နှင့် အမှတ်(၂၀၀) အစုန် သရက်-ဘုရားပေါ်ခရီးစဉ်အား ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် အာဟာရရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီက ဇေယျာသီရိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်လှလှကြည်၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်လှိုင်လှိုင်ဌေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ကေသီခိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်လှလှကြည်က ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက်ကလေးများ အာဟာရအကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်ပြီး မိခင်နို့တိုက်ကျွေးမှု စံပြဆုရသူများနှင့် အာဟာရရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြစ် အစားအစာများ ပေးအပ်ပြီး ကလေးငယ်များကို ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခဲ့သည်။

တင်မောင်လွင်

ဩဂုတ် ၂ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် **သစ်တောဦးစီးဌာန သစ်တောဝန်ထမ်းများ၏ အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို မြို့နယ် သစ်တောဦးစီးအရာရှိရုံး၌ ဖွင့်လှစ်စဉ်။** (အဆိုပါသင်တန်းကို ဩဂုတ် ၇ ရက်အထိ ဖွင့်လှစ်ခဲ့သည်။)

(မြို့နယ် ပြန်/ဆက်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်းနေ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အင်ဂျင်နီယာဌာန အတိုင်ပင်ခံအင်ဂျင်နီယာ၊ ရန်ကုန်နည်းပညာတက္ကသိုလ်ဗိသုကာဌာန၊ အချိန်ပိုင်းပါမောက္ခဦးစိုးနိုင်အောင်-ပါရမီဖြည့်ဖက် ဒေါ်သင်းသင်းခိုင်နှင့်သမီးလေးမအေးမြမြသင်းအောင်မိသားစုတို့က ဘိုးဘွားများ လိုရာသုံးစွဲရန်အလှူငွေကျပ် တစ်ထောင်စီ ဘိုးဘွား ၂၀၂ဦးအတွက် ကိုယ်ထိလက်ရောက်လှူဒါန်းခြင်းနှင့် တစ်နေ့စာအထူးအာဟာရနှင့် ထာဝရအထွေထွေပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းပါသည်။

ဖခင်အမည်မှန်

နွားထိုးကြီး အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်စိုးပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လွင် ၉/နထက(နိုင်)၀၉၂၂၀၃ဖြစ်ပါကြောင်း။

ဦးခင်မောင်လွင်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ ညောင်ပင်သာကျေးရွာ၊ အမှတ် ၇နေ ခုံအမှတ် စက-၁၆၉၀ဖြင့် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မအေးသီတာအောင် ၅/ရဘန(နိုင်) ၂၀၈၈၇၁၏ ဖခင် ဦးမျိုးမြင့် ၅/ရဘန(နိုင်)၀၁၅၉၀၂ နှင့် ဦးအောင်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမျိုးမြင့်(ခ)ဦးအောင်နိုင်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်အတွင်း ခရိုင်ချင်းဆက်လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါသည်-

(က)	**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်**	- ၁၂-၈-၂၀၁၄ရက်မှ ၃၀-၈-၂၀၁၄ရက်အထိ
(ခ)	**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်**	- ၃၁-၈-၂၀၁၄ရက် ၁၆း၀၀နာရီ
(ဂ)	**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ**	- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)

၂။ အသေးစိတ်သိရှိလိုပါက ၎င်းဦးစီးဌာန၏ ဖုန်း-၀၆၇-၄၀၉၄၄၆၊ ၀၆၇-၄၀၉၂၁၀၊ ၀၆၇-၄၀၉၄၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ်(၁၄)၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၅၂၇၄-အေ)အမည်ပေါက်ပိုင်ရှင် ဦးအောင်အောင် ၁၂/သကတ(နိုင်)၀၀၃၈၁၈၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊ တရားဝင်စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၅၂၇၄-အေ)အမည်ပေါက်ပိုင်ရှင် ဒေါ်ညိုညိုစန်း ၁၂/သကတ(နိုင်)၁၆၇၃၅၂၏ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊ တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၄ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက်

ယာဉ်အမှတ် 8I/7941 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဦးဖြေ ၇/ပခန(နိုင်)၁၆၉၉၁၇က အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားတစ်ချပ်ပျောက်ဆုံး၍ အသစ်ဝယ်ယူရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းမှာ ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးအောင်မိုး ၉/မထလ(နိုင်)၁၇၈၅၄၈၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၇၉၁၈၆၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပျူရှေးဟောင်းမြို့တော်များ စီမံခန့်ခွဲရေးအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ယူနက်စကိုမှ ပညာရှင်များပူးပေါင်း၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များ စီမံခန့်ခွဲရေး လုပ်ငန်းအစီအစဉ်များ အစည်းအဝေးကို ဩဂုတ် ၁၀ ရက်က ရန်ကုန်မြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူမြို့တော်များဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ရှေးဟောင်း မြို့များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပျူရှေးဟောင်းမြို့တော်များတွင် ဆောင်ရွက်ရမည့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များလည်း ဒွန်တွဲပါရှိနေပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုတည်းက မဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများကလည်း ပူးပေါင်းပါဝင်ခဲ့ကြ၍ အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ရှေ့ဆက်လက်လုပ်ရမည့် လုပ်ငန်းစဉ်များအတွက်လည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြပါရန် ပြောကြားသည်။

အစည်းအဝေးတွင် ပျူမြို့ဟောင်းများ စီမံခန့်ခွဲရေးလုပ်ငန်းများ၌ တွေ့ကြုံရသော အခက်အခဲများ၊ ယူနက်စကိုသို့ တင်ပြရမည့် မြေပုံများရေးဆွဲခြင်း၊ ရှေးဟောင်းဇုန်များ စည်းမျဉ်းစည်းကမ်းများနှင့် အညီလိုက်နာစေရေး ဆောင်ရွက်ခြင်း၊ ရေအရင်းအမြစ်အသုံးချခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ပျူလူမျိုးများ၏ အရိုးအိုးများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ပညာရှင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ ၁၀၅ မိုင် မိုင်းယု အောင်သီရိ ယဉ်ကျေးလိမ္မာ ဓမ္မာရုံကြီးဖွင့်

မူဆယ် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မိုင်းယု ၁၀၅ မိုင်ကျေးရွာရှိ အောင်သီရိမင်္ဂလာ သုခကျောင်းအတွင်း ယဉ်ကျေးလိမ္မာ ကော်မတီအဖွဲ့နှင့်ရပ်နီးရပ်ဝေးကုသိုလ်ရှင်များပေါင်းစုတည်ထောင်ထားသည့် အောင်သီရိယဉ်ကျေး လိမ္မာဓမ္မာရုံကြီး ဖွင့်ပွဲ၊ ရေစက်ချပွဲ အခမ်းအနားများကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဆရာတော်က အောင်ဂါထာဖြင့် ချီးမြှင့်ပြီးဆရာတော် ဘဒ္ဒန္တကေသရ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ စားသုံးသူရေးရာ ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်း၊ ခရိုင်သာသနာရေးမှူး၊ ယဉ်ကျေးလိမ္မာ သင်တန်းဥက္ကဋ္ဌ ဦးဇော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဓမ္မာရုံကို ခရိုင်အုပ်ချုပ်ရေးမှူးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပရိသတ်များက ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိထံမှ ကိုးပါးသီလ ဆောက်တည်ခြင်း၊ လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်း၊ ဓမ္မာရုံတည်ဆောက်မှုများကို ဥက္ကဋ္ဌ ဦးကျော်ကျော်သိန်း(ခ) ဦးဇော်မိုးက လျှောက်ထားရှင်းလင်းပြီး ဆရာတော် ဘဒ္ဒန္တကေသရထံမှ ရေစက်ချ တရားတော် နာကြားခဲ့ကြသည်။ နံနက်ပိုင်းတွင် ဓမ္မာရုံကြီးအတွင်း တည်ထားသော ရုပ်ပွားတော်မြတ်ကို အနေကဇာတင်ပွဲကျင်းပခဲ့ပြီး ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ညအထူးပွဲကို ဆရာတော်ဘဒ္ဒန္တဝဏ္ဏသီရိ(စာရေးဆရာ အညာမြေမောင်နေမိုး)က အထူးတရားပွဲ ကျင်းပခဲ့သည်။

သိန်းဇော်(ရွှေလီဦး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၁-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၄၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၄၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၄၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၆၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၈၀
ဥရောပ	တစ်ယူရို	၁၃၄၀-၁၃၄၇
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၉၀
ထိုင်း	တစ်ဘတ်	၃၁.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည်သည်အသစ်)	တစ်အိတ်	၁၇၈၀၀-၁၈၀၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၀၀-၁၇၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၆၅-၁၃၇၅
အာလူး(ရှမ်း)	တစ်ပိဿာ	၃၃၀-၆၈၀
ရေတိရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၅၀၀-၂၅၅၀
ရေတိပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်လဝကရုံးမှ ဒုလဝကမှူး ဒေါ်မြင့်မြင့်သိန်းနှင့် ဝန်ထမ်းများသည် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် အသက် ၁၀ နှစ်ပြည့်၍ နိုင်ငံသားကတ်မရှိသေးသော ကျောင်းသား ကျောင်းသူ ၁၀၄ ဦးအား ဩဂုတ် ၄ ရက် နှင့် ၅ ရက်တို့တွင် မှတ်ပုံတင်များဆောင်ရွက်ပေးစဉ်။ စိုးဝင်းဇော်(မ/ဒဂုံ)

လပြည့် 09-50-37438
532200
အလိမ္မာ စာမှာရှိ
ဂုဏ်ကောင်း
PH-09-49300967
09-420185599

အများသိစေရန် အမွေမခံထိုက်သော သွာနုတ္တသားအဖြစ် ကြေညာခြင်း

ကျွန်မ ဒေါက်တာ ဒေါ်ကြည်ကြည်ချစ် ISN-၂၀၆၆၆၂ [၁၂/ဒဂန(နိုင်)၀၁၇၀၇၇] အမှတ်၂၁၉/ဘီ၊ အလယ်ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူက အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏သားအရင်း ဦးကြည်စိုး ၁၂/ဗဟန(နိုင်)၀၂၆၁၈၄သည် မိခင်အိုကြီးအား ပြုစုစောင့်ရှောက်ရန် ဝတ္တရားများပျက်ကွက်၍ မိခင်အိုကြီး၏ ဩဇာကို မနာခံဘဲ ရန်သူသဖွယ် ပြုမူဆက်ဆံလာပါသဖြင့် ယနေ့မှစ၍ သားဖြစ်သူအား မိခင်၏အမွေကို မခံထိုက်သောသား (သွာနုတ္တသား)အဖြစ် ကြေညာလိုက်သည်။

ဒေါက်တာ ဒေါ်ကြည်ကြည်ချစ်
ISN-၂၀၆၆၆၂
[၁၂/ဒဂန(နိုင်)၀၁၇၀၇၇]

အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အိမ်အမှတ် ၁၆/ကနေ ကျွန်တော်ဒေါက်တာအောင်ထွတ် ၉/မထလ(နိုင်)၀၀၉၉၅၆ သတိပေးကြေညာအပ်ပါသည်။

ကျွန်တော်၏ဇနီး ဒေါ်ကြည်ပြာစိုး(ဘ)ဦးမြင့်စိုး ၁၂/ဒဂရ(နိုင်)၀၁၇၂၉၅သည် ၉-၇-၂၀၁၄ ရက်တွင် အကြောင်းတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှစွန့်ခွာဆင်းသွားခဲ့ပါသည်။ ၎င်းနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ နောင်ခမ်းကြီးကျေးရွာအုပ်စုရှိ (ဦးအောင်ထွတ် အမည်ပေါက်) ဦးပိုင်အမှတ် N-14/N-15/N-16 ဥယျာဉ်ခြံမြေ ၁၀ ဧက၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ ရွှေ၊ ငွေ လက်ဝတ်ရတနာများ ယူဆောင်သွားခဲ့ပါသည်။ ၎င်းကိစ္စအတွက် စုံစမ်း၍မရပါသောကြောင့် ၁၀-၇-၂၀၁၄ ရက်တွင် သက်ဆိုင်ရာရဲစခန်းသို့ လူပျောက်နှင့် ပစ္စည်းပျောက်တိုင်ကြားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဥယျာဉ်ခြံမြေများအား ကျွန်တော် သိရှိသဘောတူခြင်းမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။

အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ကျွန်တော်၏ဇနီး ဒေါ်ကြည်ပြာစိုးအား ဖြားယောင်းသွေးဆောင်လက်ခံထားသူများကို တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါက်တာအောင်ထွတ်
ဖုန်း-၀၉-၇၃၀၂၃၅၉၈

အများသိစေရန်ကြေညာချက်

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး(၃)ရုံး၊ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၂၉၀ (ဒေါ်တင်မိုးမိုးခိုင်နှင့် ဦးကျော်ဇင်)အမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၂)၊ တိုက်အမှတ် ၂၃၃(မြေညီထပ်) အခန်းအမှတ်(၁) တိုက်ခန်းအား အမှုမပြီးပြတ်မီ လွှဲပြောင်းရောင်းချခြင်းမပြုရန် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၃၉၊ နည်းဥပဒေ-၁အရ ယာယီတားဝရမ်းထုတ်ဆင့်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်တင်မိုးမိုးခိုင် ၁၂/လကန(နိုင်)၀၀၁၁၈၈
ဒရယ်ဘိုကျေးရွာ၊ ပဲခူး-ရန်ကုန်လမ်းမကြီး၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ တံတားအထူးအဖွဲ့(၇) ဆိပ်ဖြူ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆိပ်ဖြူ-ဆောလမ်းပေါ်ရှိ ဝင်ကဘချောင်းတံတား၊ ဆောချောင်းတံတား၊ လောင်းရှည်-ကျင်ဒွေးလမ်းပေါ်ရှိ မဟင်ချောင်းတံတား၊ သီးကုန်းချောင်းတံတား(၁)/(၂)၊ တောင်ဘို့ကြီးချောင်းတံတား၊ ရင့်ရဲချောင်းတံတား၊ ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၀၉)၊ တံတားအမှတ်(၁/၁၁၀)အတွက် လိုအပ်သည့် မြစ်ကျောက်စရစ်၊ မြစ်သဲ၊ သစ်ခွဲသား(အခြား)၊ သစ်မာခွဲသားများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါတင်သွင်းရမည့်ရက် - ၁၂-၈-၂၀၁၄ ရက်မှ ၂၃-၈-၂၀၁၄ ရက်အထိ
တင်ဒါတင်သွင်းရမည့်အချိန် - နံနက် ၉း၁၀ နာရီမှ ညနေ ၄း၃၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၂၄-၈-၂၀၁၄ ရက်
တင်ဒါရွေးချယ်မည့်အချိန် - နံနက် ၁၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇) ဆိပ်ဖြူမြို့နှင့် ဂန့်ဂေါခရိုင်၊ ခရိုင်အင်ဂျင်နီယာမှူး(ရုံး)များတွင် ၁၂-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၂၅၉၊ ဧရိယာအကျယ်အဝန်း ၂၄၀၀စတုရန်းပေရှိသော နှစ် ၆၀ မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ဇင်ပြုံးထူး ၁၂/မရက(နိုင်)၁၃၄၅၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)B.A,H.G.P, C.B.L,D.B.L,D.M.L ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ရာသီအစကတည်းက ရလဒ်ကောင်းအောင်ကြိုးစားမယ့် မန်ယူ

မိုးမြင့်လင်းလက်

လာမယ့်ပရီမီယာလိဂ်ရာသီမှာ အဖွင့်ပွဲစဉ်ကစတင်ပြီး နိုင်ပွဲအတွက် ဆက်တိုက် ရယူသွားဖို့စိတ်အားထက်သန်မှုတွေရှိနေပြီလို့ မန်ယူတိုက်စစ်မှူးရွှန်းနေက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ မကြာမီစတင်တော့မယ့် ပရီမီယာလိဂ်ပွဲစဉ်တွေအတွက် မန်ယူကစားသမားတွေ အသင့်ရှိနေပြီလို့လည်း ဆိုထားပါတယ်။

နည်းပြသစ်ဗန်ဟားလ် စတင်ကိုင်တွယ်ချိန်ကစတင်ပြီး ရှုံးပွဲမရှိသေးတဲ့ မန်ယူအသင်းက နိုင်ငံတကာချန်ပီယံများဖလားကို ရယူနိုင်ခဲ့တာမို့ ကစားသမားတွေအတွက် အောင်မြင်မှုရယူဖို့ တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပါတယ်။

ရွှန်းနေအပါအဝင် မန်ယူကစားသမားတွေအားလုံး ပြိုင်ပွဲဝင်ဖို့ စိတ်ဓာတ်တက်ကြွနေသလို နည်းပြဗန်ဟားလ်ရဲ့ပြင်းထန်တဲ့ လေ့ကျင့်မှုတွေကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုတွေပိုပြီးဖြစ်ပေါ်စေခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် နည်းပြဗန်ဟားလ်ကတော့ မန်ယူအသင်းကို ပြုပြင်မှု၊ စုဖွဲ့မှုတွေ အများကြီးပြုလုပ်ရဦးမှာဖြစ်သလို ပရီမီယာလိဂ်မှာ အောင်မြင်ဖို့ဆိုတာခက်ခဲမှုန်း ကျွန်တော်သိထားတာမို့ ကိုယ်တိုင်လည်း အသင်းနဲ့ရော ကစားသမားတွေနဲ့ပါ အကျွမ်းတဝင်ရှိဖို့ လိုအပ်နေဆဲပါလို့ ထုတ်ဖော်ပြောကြားနေပါတယ်။

မန်ယူအသင်းက ကစားသမားကောင်းတွေ ခေါ်ယူခဲ့တာဖြစ်ပြီး နည်းပြလိုလားသူတွေကို ဦးစားပေးခေါ်ယူကာ မန်ယူအတွက်အားဖြည့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီကိုမဖြတ်သန်းခင် မန်ယူရဲ့ ခြေစွမ်းဟာ အကောင်းဘက်ကို ဦးတည်နေပြီလို့ဖော်ပြနေတဲ့ မီဒီယာတွေကိုလည်း မန်ယူဟာကြိုးစားမှုတိုးမြှင့်ရဦးမှာဖြစ်သလို စွမ်းဆောင်ရည်ကောင်းအောင် ပြင်ဆင်ရဦးမယ်လို့ နည်းပြဗန်ဟားလ်က ပြောနေပါတယ်။

မန်ယူရဲ့ပထမဦးစားပေးကစားသမားစာရင်းမှာ ပုံမှန်ပါဝင်ကစားဖို့ဆိုတာ ကြိုးစားယူမှုရမယ်လို့ နည်းပြဗန်ဟားလ်က သတိပေးထားပါတယ်။ ဒီနှစ်ရာသီမတိုင်မီ ခြေစမ်းပွဲတွေရော ဖလားပြိုင်ပွဲတွေမှာပါ ထူးထူးခြားခြားနိုင်ပွဲရနေတဲ့ မန်ယူက မှတ်တမ်းသစ်ရေးထိုးနိုင်ဖို့ ကြိုးစားတော့မှာ ဖြစ်ပါတယ်။

လောလောဆယ်မှာ ကစားသမားလေးဦး ခေါ်ယူထားတဲ့ မန်ယူအသင်းအတွက် ဖြည့်ဆည်းမှုဟာ လိုအပ်နေဆဲပဲဖြစ်ပါတယ်လို့ နည်းပြ ဗန်ဟားလ်က ပြောနေပါတယ်။ ဒါကြောင့် ရာသီအစကစတင်ပြီး နိုင်ပွဲတွေဆက်တိုက်ရယူဖို့ ကြိုးစားနေတဲ့မန်ယူရဲ့ စွမ်းဆောင်မှုကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့နံပါတ်တစ် မက်ကာရွိုင်း ယူအက်စ်ဖလားဆွတ်ခူး

ယူအက်စ်ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား ရိုရီမက်ကာရွိုင်းက သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။

အသက် ၂၅ နှစ်ရှိ မက်ကာရွိုင်းသည် အဆိုပါဖလားကို ဆွတ်ခူးလိုက်ခြင်းမှာ ၎င်း၏ဂေါက်သီးကစားသမားဘဝ သက်တမ်းစတုတ္ထမြောက် အဓိက ဖလားဆွတ်ခူးလိုက်ခြင်းပင် ဖြစ်သည်။ အိုးပင်းချန်ပီယံ မက်ကာရွိုင်းသည် ဂေါက်သီးလောကတွင် အကြီးမားဆုံးပြိုင်ပွဲလေးပွဲမှ ဖလားဆွတ်ခူးနိုင်သူများတွင် တိုက်ဂါးဝုဒ်နှင့်ဂျက်နစ်ကလော့စ်တို့ပြီးလျှင် တတိယမြောက် အသက်အငယ်ဆုံးဂေါက်သီးကစားသမားဖြစ်လာခဲ့သည်။ ၎င်းသည် နောက်ဆုံးနေ့တွင် ၆၈ ချက်သာ ရိုက်ပြီး ဖလားရယူခဲ့ခြင်းဖြစ်သည်။ မြောက်အိုင်ယာလန်ကစားသမား မက်ကာရွိုင်းသည် နောက်ဆုံးနေ့က သုံးချက်လျှော့ရိုက်ခဲ့သည်။ အမေရိကန်နာမည်ကြီး ဖီးလ်မိုက်ကယ်ဆင်က ၁၅ ချက်ဖြင့် ဒုတိယလိုက်ခဲ့သည်။ မက်ကာရွိုင်းသည် ၂၀၀၈ ခုနှစ်က ပက်ဒရိတ်ဟာရင်တန်အပြီး အဓိကဖလားနှစ်လုံးကို ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကစားသမားဖြစ်လာသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဖလားပွဲစဉ်နှင့် ခြေစမ်းပွဲစဉ်များ

သီဟ

ယူအီးအက်ဖ်အေ စူပါဖလား			**ဩဂုတ် ၁၃**
ရီးရဲမက်ဒရစ်	-	ဆီဗီလာ	နံနက် ၁း၁၅
နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ			**ဩဂုတ် ၁၂/၁၃**
ဂါဗီယန်တပ်စပေါ်	-	ရီဇီစပေါ်	ည ၆း၃၀
လာဆီ	-	ကေဆာရီစပေါ်	ည ၉း၃၀
အီဘာ	-	အလာဗက်စ်	နံနက် ၁း၀၀
မန်ယူ	-	ဗလင်စီယာ	နံနက် ၁း၀၀
ချယ်လ်ဆီး	-	ဆိုစီဒက်	နံနက် ၁း၁၅

ဩဂုတ် ၁၀/၁၁ ဂိုးရလဒ်များ

ဝုဖ်ဗာဟမ်တန်	၁-၀	နော့ဝှစ်ချ်
လိုင်ယွန်	၂-၀	ရန်းနက်စ်
မိုနာကို	၁-၂	လော်ရီယန့်
အောစတား	၂-၃	ဂျူဗင်တပ်စ်
လီဗာပူး	၄-၀	ဒေါ့မွန်
နယူးကာဆယ်	၁-၀	ဆိုစီဒက်
ဟန်နိုဗာ	၃-၁	လာဇီယို
စတုဂတ်	၁-၂	ဟားလ်စီးတီး
ရိုးမား	၅-၀	အယ်တန်ဒေါ့ဖ်
ဝုဖ်ဘတ်	၁-၅	အက်သလက်တီကို
ဖီရန်စီဗားရိုစ်	၁-၂	ချယ်လ်ဆီး
မာလာဂါ	၀-၂	ဖီအိုရင်တီးနား

ရန်ဝမ်စကာ ရော်ဂျာဖလားဆွတ်ခူး

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ယှဉ်ပြိုင်ကစားသည့် ရော်ဂျာဖလားတင်းနစ်ပြိုင်ပွဲတွင် ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာက အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံအား ၆-၄၊ ၆-၂ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ယင်းဖလားမှာ သူမအတွက် ၁၄ လုံးမြောက် WTA ဖလားဖြစ်သည်။

“ဒီတစ်ပတ်ကတော့ ကျွန်မအတွက် အလွန်အံ့အားသင့်စရာပါပဲ” ဟု အသက် ၂၅ နှစ်အရွယ်ရှိ အဇာရင်ကာကိုနိုင်ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ရန်ဝမ်စကာကပြောသည်။ ယင်းဖလားသည် သူမအတွက် ယခုနှစ်အတွင်း ပထမဆုံးသော ဖလားဖြစ်သည်။

အမျိုးသားပြိုင်ပွဲတွင် ပြင်သစ်တင်းနစ်ကစားသမား ဂျိုဝီဖရက်တီဆွန်ဂါက နာမည်ကြီး ရော်ဂျာဖက်ဒရားကိုနိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ပြင်သစ်ကစားသမား တီဆွန်ဂါသည် ဂရင်းဆလမ်ဖလား ၁၇ လုံးဆွတ်ခူးထားသည်။ ရော်ဂျာဖက်ဒရားအား အနိုင်ရရှိခြင်းသည် ပထမဆုံးနိုင်ပွဲဖြစ်သည်။ “တီဆွန်ဂါဟာ ဒီဖလားနဲ့ အမှန်တကယ်ထိုက်တန်တဲ့သူပါ” ဟု ဖက်ဒရားက ပြောသည်။ “သူဟာ အံ့ဩစရာကောင်းတဲ့ ကစားသမားတွေထဲက တစ်ဦးပါပဲ” ဟု ၎င်းက ထပ်လောင်းပြောကြားသည်။



စက်မှုလက်မှုအထက်တန်းကျောင်း(မေမြို့)
စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲ

ဖိတ်ကြားခြင်း

စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအတွက် လုပ်ငန်းကြိုတင်ညှိနှိုင်းဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းဝေးပြုလုပ်မည့်နေရာ	- အမှတ်၂၃၂၊ မိဂသီလမ်း၊ ၁၀ ရပ်ကွက်၊ တ/ဥက္ကလာ
နေ့ရက်	- ၁၆-၈-၂၀၁၄
အချိန်	- ညနေ ၃း၀၀ နာရီ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

အမည်ပြောင်း

ဦးသီဟကျော်၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အထက(၄)G-11 တက္ကသိုလ်ဝင်တန်း Bမှ မနွေးနုနုထွန်းအား ယနေ့မှစ၍ မအိအိအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိအိအောင်**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၎/၁၃၈၇၊ Hlaing Thit Jeep, Jeep (4 x 4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်မြင့်ရီ ၁၃/ကမန(နိုင်)၀၀၁၀၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊
အင်းစိန်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ် ၄၂၃သည် နိုင်ငံတော်စီမံကိန်းဧရိယာတွင်ပါဝင်သဖြင့် အစားပြန်ပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၄၁/၂)၊ မြေကွက်အမှတ် ၅၁၈ အား အမည်ပေါက် ဦးအောင်ရွှေ ၁၂/လသန(နိုင်)၀၀၀၄၂၉ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကြူး(ခ)လင်ဖိတ်ကျူး ၁၂/လသန(ပြု)၀၀၀၂၄၃ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

အသက်သည်သွေး

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
စိန်လက်စွပ်တစ်ကွင်း
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1300 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4330 - 5400 Sqft
စိတ်ပါဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလာရောက်
လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ်အပ်ပါသည်။
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်နေမှု အခြေအနေများ

(ယမန်နေ့မှအဆက်)

ဘဏ္ဍာရေးနှစ်အလိုက် ပြင်ဆင်ဆောင်ရွက်မည်

အိုးအိမ်ဦးစီးဌာနမှ ထိန်းသိမ်းထားသော အိမ်ရာအဆောက်အအုံများသည် ဟောင်းနွမ်းယိုယွင်းလျက်ရှိသဖြင့် ပြန်လည်ဆောက်လုပ်ပေးရန် သို့မဟုတ် ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ ချင်းပြည်နယ်မြို့၊ ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းအိမ်ရာ၊ မြို့ပြလခမရအဆောက်အအုံတို့သည် ၁၉၅၈-၁၉၅၉ ခုနှစ်တွင်လည်းကောင်း၊ အချို့ အဆောက်အအုံများသည် ၁၈၉၄-၁၈၉၅ ပတ်ဝန်းကျင်တွင်လည်းကောင်း တည်ဆောက်ခဲ့သော အဆောက်အအုံများဖြစ်သည်။ မြေစေးသရွတ်စီအုတ်နံရံ၊ သွပ်မိုးအဆောက်အအုံဖြစ်ပြီး တစ်လလျှင် ငွေကျပ်အနည်းဆုံး ၂၃ ကျပ်မှ အများဆုံး ၈၅ ကျပ်အထိသာ ကောက်ခံရရှိသည်။ အဆိုပါအဆောက်အအုံတို့သည် နှစ်ကာလရှည်ကြာ အဆောက်အအုံများဖြစ်သဖြင့် လည်းကောင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းရန် ကောက်ခံရရှိငွေဖြင့် မလုံလောက်သဖြင့် ယခုအခါ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှုန်းထားများပြင်ဆင်ကောက်ခံမည်ဖြစ်သည်။ အဆိုပါ ကောက်ခံရရှိမှုပေါ်မူတည်၍ အဆောက်အအုံများ၏ လိုအပ်သောပြင်ဆင် ထိန်းသိမ်းမှုများကို ပြည်နယ်အစိုးရထံတင်ပြစေရန် ဘဏ္ဍာရေးနှစ်အလိုက် စိစစ်ထည့်သွင်းပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကွန်ကရစ်ရေထုတ်ပြွန် ၁၀ စင်း တည်ဆောက်မည်

ကလေး-သိုင်းငင်း-တီးတိန်လမ်းသည် ၅၆ မိုင် ၃ ဖာလုံရှိသည့်အနက် အစီရင်ခံသည့်ကာလအထိ ၃၉ မိုင် ခုနစ်ဖာလုံသာ ကတ္တရာခင်းထားပြီးဖြစ်ပါသည်။ ကျန်ရှိသော ၁၈ မိုင် ၄ ဖာလုံကို ပြည်နယ်အစိုးရအဖွဲ့မှ ဂျပန်နိုင်ငံ (JICA) ရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်းကို ဆောင်ရွက်မည်ဟုသိရှိရသည်။ အကယ်၍ ကလေး-သိုင်းငင်း- တီးတိန်လမ်းတွင် ကတ္တရာခင်းရန်ကျန်ရှိသည့် ၁၈ မိုင် ၄ ဖာလုံအား ဂျပန်နိုင်ငံ (JICA) အစီအစဉ်ဖြင့် ကတ္တရာလမ်းခင်းပေးရန် ကြန့်ကြာနိုင်မည့်အခြေအနေရှိပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ကလေး-သိုင်းငင်း-တီးတိန်လမ်း ၅၆ မိုင် ၃ ဖာလုံအနက် ကတ္တရာခင်းရန်ကျန်ရှိသော ၁၈ မိုင် လေးဖာလုံသည် သိုင်းငင်း-တီးတိန် လမ်းအပိုင်းဖြစ်ပါသည်။ သိုင်းငင်း-တီးတိန် လမ်းသည် ၂၅ မိုင် ၄ ဖာလုံရှည်လျားပြီး ၃၁-၃-၂၀၁၆ ရက်နေ့တွင် ကတ္တရာလမ်း ကိုးမိုင်၊ ကျောက်လမ်းနှစ်မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၁၄ မိုင် ၃ ဖာလုံ ရှိသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၁၁၅ ဒသမ ၃၀၀ သန်းရရှိပြီး ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း လေးဖာလုံ၊ ကျောက်စီမြေကာနံရံနှင့်တွဲလျက် သံကူကွန်ကရစ် ရေထုတ်ပြွန် လေးစင်း၊ ကျောက်စီရေမြောင်း အရှည်ပေ ၆၂၀ နှင့် လမ်း/တံတား သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် သန်း ၁၀၀ ခွဲဝေရန်လျာထားပြီး ကျောက်စီမြေကာနံရံနှင့်တွဲလျက် သံကူကွန်ကရစ်ရေထုတ်ပြွန် ၁၀ စင်းတည်ဆောက်မည်။ သိုင်းငင်း-တီးတိန်လမ်းသည် လက်ရှိတွင် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်သည်။ သို့ရာတွင် ပြည်နယ်အစိုးရက စီမံခန့်ခွဲသော လမ်းအဖြစ် သိမ်းသွင်းရန် ချင်းပြည်နယ်အစိုးရမှ သဘောတူညီပြီးဖြစ်သည်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်အစိုးရ၏ လမ်းညွှန်မှုကို ခံယူလျက် ရန်ပုံငွေ တင်ပြတောင်းခံကာ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်မည်

တီးတိန်-တွန်းဇံ-ကျီခါးလမ်းမိုင် ၁၂/၀-၃၄/၀ အထိ ၂၂ မိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၂၈ပေ အကျယ်ရရှိရန် လမ်းတာချဲ့မည်ဟု သိရပါသည်။ သို့ဖြစ်ပါ၍ ၎င်းအပိုင်းရှိ တံတားများဖြစ်ကြသော မိုင် ၁၄/၂-၃ ကြားရှိ အရှည်ပေ ၃၀ ဘေလီတံတား၊ မိုင် ၁၅/၂-၃ ကြားရှိ ၁၆ ပေ အရှည် သံပေါင်ရက်မနှင့် ကွန်ကရစ်တံတား၊ မိုင် ၁၇/၃-၄ ကြားရှိ အရှည်ပေ ၃၀ သံပေါင်ရက်မနှင့် ကွန်ကရစ်တံတား၊ မိုင် ၁၉/၂-၃ ကြားရှိ အရှည်ပေ ၆၀ ဘေလီတံတားတို့ကို ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားအဖြစ် အဆင့် မြှင့်ဆောက်လုပ်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ မိုင် ၁၄/၂-၃ ကြား အရှည်ပေ ၃၀ ဘေလီတံတားအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၂၄ ပေအရှည် သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်သွားမည်ဖြစ်သည်။ ကျန်တံတားများကိုလည်း နောင်ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေတင်ပြတောင်းခံပြီး အဆင့်မြှင့်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နောင်ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည်

တီးတိန်-တွန်းဇံ-ကျီခါးလမ်း မိုင် ၁၂/၀-၃၄/၀ အထိ ၂၂ မိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၂၈ ပေအကျယ်ရရှိရန် လမ်းတာချဲ့မည်ဟု သိရပါသည်။ ကျန်ရှိသော မိုင် ၃၄/၀ မှ ၈၀/၀ ကြား(ကျီခါးမြို့နယ်ခွဲအထိ) အား ဆက်လက်၍ လမ်းတာချဲ့ရန် အစီအစဉ် ရှိ/မရှိ။ ၎င်းလမ်းပေါ်ရှိ တံတား သုံးစင်းဖြစ်သော မိုင် ၃၉/၃-၄ ကြားရှိ ၁၅ပေ အရှည် သံပေါင်ရက်မနှင့် သစ်သားတံတား၊ မိုင် ၄၃/၅-၆ ကြားရှိ ၁၈ ပေအရှည် သံပေါင်ရက်မနှင့် သစ်သားတံတား၊ မိုင် ၄၇/၇-၄၈/ ၀ ကြားရှိ အရှည်ပေ ၃၀ ဘေလီ တံတား တို့အား ၂၄ ပေအကျယ် သံကူကွန်ကရစ်အဆင့်အဖြစ် အဆင့်မြှင့်ဆောက်လုပ် ပေးနိုင်ခြင်းရှိ/မရှိ။ လမ်းတာချဲ့ပြီးသော လမ်းပိုင်းများအား ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။ ဆောင်ရွက်မည်ဆိုပါက ဘယ်ခုနှစ်တွင် စတင်နိုင်မည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ တီးတိန်-တွန်းဇံ-ကျီခါးလမ်း လမ်းတာချဲ့ခြင်း လုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လမ်းတာချဲ့ရန်၊ တွန်းဇံမြို့နယ်အပိုင်းတွင် ၂၂ မိုင်နှင့် ကျီခါးမြို့နယ် အပိုင်းတွင် တစ်မိုင်ခြောက်ဖာလုံနှင့် ကျောက်လမ်းခင်းခြင်းကို ကျီခါးမြို့နယ်ခွဲ အပိုင်းတွင် ငါးမိုင် ငါးဖာလုံ ဆောင်ရွက်ရန်လျာထားသည်။ ကျန်တာချဲ့ခြင်းနှင့် တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း နောင်ဘဏ္ဍာရေး နှစ်တွင် ရန်ပုံငွေတင်ပြ တောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမည်။ လမ်းတာချဲ့ပြီး လမ်းပိုင်းများအား ကျောက်လမ်းခင်းခြင်းနှင့်ကျောက်ခင်းပြီး အပိုင်းများ ကတ္တရာခင်းခြင်းကိုတစ်ဆင့်စီ ရန်ပုံငွေတင်ပြ တောင်းခံဆောင်ရွက်သွားမည်။ ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို နောင်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ပုံငွေတောင်းခံ ဆောင်ရွက်ပေးသွားမည်

၂၀၁၁ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မိုင် ၇၈/၄-၇၉/၄ အထိ ကတ္တရာခင်းပေးပြီး ၂၀၁၃ တွင် ကျန်ရှိသည့် လေးဖာလုံကို ကျောက်ခင်းပေးခဲ့သည်။ အဆိုပါကတ္တရာလမ်းမကြီး ပျက်စီးနေပြီဖြစ်၍ ပြုပြင်ပေးရန်နှင့် လမ်းဘေးဝဲ/ယာ သုံးပေစီ တိုးချဲ့ပေးရန်၊ ကျောက်ခင်းလမ်း လေးဖာလုံကို ကတ္တရာခင်းပေးရန် ကိစ္စနှင့်ပတ်သက်၍ တီးတိန်- တွန်းဇံ-ကျီခါးလမ်း မိုင် ၇၈/၄-၇၉/၄ ကြားကျီခါး မြို့တွင်းပိုင်း ကတ္တရာလမ်းပျက်စီးမှုကို ကတ္တရာ ထပ်ပိုးလွှာခင်း၍ ပြင်ဆင်ခြင်း၊ ကျန်မိုင် ၇၉/၄-၈၀/၀ ကြား ကျောက်ခင်း လမ်း လေးဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် လမ်းဘေးဝဲ/ယာ သုံးပေစီ ချဲ့ခြင်းလုပ်ငန်းအား နောင်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဆက်လက်ဖော်ပြပါမည်)

သတင်းတို

လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အင်းတော်မြို့ သန့်ရှင်းသာယာလှပစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အင်းတော်မြို့ပေါ်ရှိ အသင်းအဖွဲ့များမှ ဩဂုတ် ၂ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အင်းတော်မြို့ သန့်ရှင်းသာယာလှပစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး စုပေါင်းဆောင်ရွက်ခြင်းကို အင်းတော်မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၏ လမ်းညွှန်မှုဖြင့် အင်းတော်မြို့နယ် စည်ပင် သာယာရေးကော်မတီအဖွဲ့၊ လျှပ်စစ်အင်ဂျင်နီယာအဖွဲ့နှင့်အခြားအသင်း အဖွဲ့များက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများနှင့်နေအိမ်များသို့ သွယ်တန်းထား သည့်လျှပ်စစ်မီးကြိုးများနှင့်မလွတ်သည့်အပင်များကို ခုတ်ထွင်ရှင်းလင်း ခဲ့ကြောင်း၊ ခုတ်ထွင်ရှင်းလင်းခဲ့သည့် သစ်ပင်၊ သစ်ကိုင်းများအား စည်ပင် သာယာမှ တာဝန်ယူကာရှင်းလင်းခဲ့ကြောင်း၊ထိုသို့ဆောင်ရွက်နေစဉ်အတွင်း မြို့တွင်းသို့ဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အားကို ခေတ္တဖြတ်တောက်ထား ခဲ့ပြီး ညနေ ၅ နာရီခန့်တွင် လျှပ်စစ်ဓာတ်အားကို ပုံမှန်အတိုင်း ပြန်လည် ဖြန့်ဖြူးပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ခင်မောင်ဆွေ

ကလေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆို

ကလေးတက္ကသိုလ်သည် ချင်းတောင်ခြေရင်းတွင် တည်ရှိပြီး ချင်းပြည်နယ် (မြောက်ပိုင်း) မြို့များဖြစ်သော ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံမြို့များမှ လူငယ်လေးများ တက္ကသိုလ်ပညာရေးကို ဆက်လက် သင်ကြားနေသော နေရာတစ်ခုဖြစ်ရာ ကလေးတက္ကသိုလ် ချင်းတိုင်းရင်း သားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဦးဆောင်ပြီး မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ဩဂုတ် ၆ ရက်က တက္ကသိုလ် အားကစားခန်းမ၌ ကျင်းပခဲ့ရာ တာဝန်ခံပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ စီမံရေးရာ အရာရှိများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေး ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် တာဝန်ခံပါမောက္ခချုပ်နှင့် မြန်မာစာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာတင်ထွန်းမေက အမှာစကားပြောကြားပြီး ချင်းတိုင်း ရင်းသူ တိုင်းရင်းသားများက မိမိတို့၏ ရိုးရာဝတ်စုံများနှင့် ကပြဖျော်ဖြေ ခဲ့ကြသည်။

သျှင်နေမင်း

ရေလုပ်သားများအား ရင်းနှီးမတည်ငွေထုတ်ချေး

ရေလုပ်ငန်းနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမီတက် အသင်းမှ ရေလုပ်သားများအား အတိုးနှုန်းသက်သာသည့် ရင်းနှီးမတည်ငွေထုတ်ချေး ခြင်းအစီအစဉ်ကို ဩဂုတ် ၅ ရက်နံနက် ၁၀ နာရီက ဘုတ်ပြင်းမြို့ အုန်း တောကမ်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ကြီးကြပ်၍ မြို့နယ်သမဝါယမအသင်းစုမှ အသင်းသားရေလုပ်သားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ရေလုပ်သား ၃၀ ကိုငွေကျပ် ၁၅ သိန်း ရင်းနှီးမတည်ငွေအဖြစ် ထုတ်ချေးပေးပြီး ချေးငွေ ပြန်လည်ပေးအပ်ရမည့် ကာလမှာ ငါးလသက်တမ်းဖြစ်၍ အတိုးနှုန်းမှာ ၂ ဒသမ ၅၀ ကျပ် (နှစ်ကျပ်ပြားငါးဆယ်)နှုန်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၃)၊ ဦးပိုင်အမှတ် ၃၅၊ ၅၉×၆၀A ကြား၊ စံပြ×သခင်ဖိုးလှကြီးလမ်းကြားရှိ ဒေါ်တင်တင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသိန်းဇော် ၉/တသန(နိုင်)၁၁၆၇၀၁မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၂/၁)၊ ဦးပိုင်အမှတ်(၆၂)၊ ၃၆×၃၇လမ်းကြား၊ ၅၆×၅၇ကြားရှိ ဦးသာပိုအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ရန်ကျင်းလန့် ၁၃/ကခန(နိုင်)၀၁၂၀၆၃မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ် ၁၂၂၊ ၆၂×၆၄ ကြား၊ မနော်ဟရီ×စိန်ပန်းလမ်းကြားရှိ ဒေါ်ဇော်အမည်ဖြင့်ချထားပေး သောမြေကွက်အား ဦးဟာရီလာ ၁/ဝမန(နိုင်)၀၀၈၄၅၉မှ ဦးပိုင် ၁၂၂(ခဲစင်း)မြေကွက်၏ မြောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၆)၊ ဦးပိုင်အမှတ် ၃၊ ၆၀A×၆၀B လမ်းကြား၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဒေါ်ခင်ဆွေ အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးစိုးမြင့် ၈/နမန(နိုင်)၀၇၁၂၉၆မှ မြို့ကွက်သစ်ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၁၁+၂၂)၊ ၅၇×၅၈ ကြား၊ ခိုင်ရွှေဝါ×မနော်ဟရီလမ်းကြားရှိ ဒေါ်ညွန့်မေ အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးခင်မောင်မြင့် ၉/ပသက(နိုင်)၀၄၉၀၃၇မှ ဦးပိုင် ၁၁(ခဲစင်း)မြေကွက်၏ မြောက်ဘက်ခြမ်းအားမြေစလစ်၊ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၅)၊ ဦးပိုင်အမှတ်(၇၄/က)၊ ၅၅×၅၆ ကြား၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဦးကျော်နိုင်ဦး အမည်ဖြင့် ချထားပေးသောမြေကွက်အား ခင်ပွန်း ဦးကျော်နိုင်ဦးကွယ်လွန်သဖြင့် ကျန်ရစ်သောဇနီးဖြစ်သူ ဒေါ်ရီရီဝင်း ၉/ခမစ(နိုင်)၀၄၈၈၄၀မှ မြေချစလစ်၊ မြေဖိုး၊ လမ်းဖိုး ပေးသွင်းခြင်းပြေစာ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၇၊ ဦးပိုင်အမှတ် ၃၈-ခ၊ ၅၃×၅၄ ကြား၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဒေါ်မာမာတင် အမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်ဖြူဖြူကျော် ၉/ခအဇ(နိုင်)၀၀၁၂၃၈က မြေစလစ် တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၁၁၄/က)၊ ၅၂×၅၃ကြား၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဦးဝင်းဟန် အမည်ဖြင့်ချထားပေးသော မြေကွက်အား ခင်ပွန်း ဦးဝင်းဟန်ကွယ်လွန်သဖြင့် ကျန်ရစ်သောဇနီး ဒေါ်ညီညီဝင်း ၉/မနတ(နိုင်)၀၈၂၃၆၁မှ မြေချစလစ်၊ မြေကွက်ဖိုးပေးသွင်းခြင်းပြေစာ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၄၊ ဦးပိုင် အမှတ် ၆၈၊ ၆၈×၆၉ ကြား၊ ငုရွှေဝါ×ဇလပ်ဝါလမ်းကြားရှိ ဦးသိန်းထွန်းအမည်ဖြင့် ချထား ပေးသော မြေကွက်အား ဦးဆန်းမြင့်ဆွေ ၅/ယမပ(နိုင်)၀၆၀၀၄၃က မြို့ကွက်သစ် နေရာချထား ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းများနှင့် လူငယ်သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မျက်မမြင်ကျောင်းနှင့် လူငယ်သင်တန်းကျောင်းများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ပညာရေးဒါန အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းခန်းမဆောင်၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွယ် တက်ရောက် အမှာစကားပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်းများနှင့် မျက်မမြင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၄ ဦးဖြေဆိုခဲ့ရာ မျက်မမြင်ကျောင်းသား ကျောင်းသူ သုံးဦးနှင့် လူငယ်သင်တန်းကျောင်းများမှ လေးဦး စုစုပေါင်း ခုနစ်ဦး အောင်မြင်ခဲ့သည်။ စစ်ကိုင်းမျက်မမြင်ကျောင်းမှ မလင်းလင်းသူနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်း (ရန်ကုန်)မှ မအိသန္တာထွန်းတို့နှစ်ဦးမှာ ဘောဂဗေဒဂုဏ်ထူးတစ်ဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲထူးချွန်စွာအောင်မြင်သူနှင့် ရိုးရိုးအောင်မြင်သူများကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးမှ တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက ဂုဏ်ပြုဆုတံဆိပ်နှင့် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင် ၁၀ ဦးတို့က ပညာဒါနအလှူငွေကျပ် ၅၁ သိန်း ၆ သောင်းကို ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးနှင့် တိုင်းဦးစီးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဂုဏ်ပြုဆုချီးမြှင့်ခံရသူများကိုယ်စား ကျောင်းသူ မအိသန္တာထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဌာနအသီးသီးမှ

ကလေးများကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းအဆင့် ၂၆၉ ဦး၊ အလယ်တန်းအဆင့် ၁၉၂ ဦး၊ အထက်တန်းအဆင့် ၃၈ ဦး၊ တက္ကသိုလ်အဆင့် ၁၃ ဦး စုစုပေါင်း ၅၁၂ ဦးတို့ကို အခြေခံပညာကျောင်းများနှင့်တက္ကသိုလ်ကောလိပ်များတွင် ပညာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ ၁၃ နှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ ၁၀၄ ဦးရှိခဲ့သည်ဟု သိရသည်။ **(အပေါ်ပုံ)**

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြို့ပတ်လမ်းပြန်လည်ပြုပြင် ဖောက်လုပ်ပြီးစီး ဆားလင်းကြီးမြို့ ဒေသခံများ ဝမ်းသာ

ဆားလင်းကြီး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆားလင်းကြီးမြို့ မြို့ပတ်လမ်းအား ယခုအခါပြန်လည်ပြုပြင်ဖောက်လုပ်ပြီးစီးကြောင်း သိရသည်။

မြို့ပတ်လမ်းလေးအား ပြုပြင်စေလိုသော ဒေသခံမြို့သားများ၏ ဆန္ဒကို မြန်မာ့အလင်းသတင်းစာ(ထင်သာမြင်သာပြုပြင်စရာကဏ္ဍ)တွင် ဆားလင်းကြီးမြို့ မြို့ပတ်လမ်းပျောက်ကွယ်သွားမှာစိုး ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိပြီး နောက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြန်လည်ပြုပြင်ဖောက်လုပ်ပေးခဲ့သဖြင့် ဒေသခံမြို့သူမြို့သားတို့ အဆိုပါလမ်းအား သွားလာနိုင်ပြီဖြစ်သည့်အတွက် ဝမ်းသာပီတိဖြစ်ကြရသည်။

အဆိုပါလမ်းသည် ယခင် အစိုးရလက်ထက်က ဖောက်လုပ်ပေးခဲ့သော မြို့ပတ်လမ်းဖြစ်ပြီး နှစ်ကာလကြာမြင့်လာသောကြောင့် ကန္တာရပင်များ ပေါက်ရောက်နေခြင်းများကို ခုတ်လှဲပြီး အမြစ်မှတူးဖော်ခြင်း၊ ပျက်စီးနေသော သစ်သားတံတားများနေရာတွင် ကွန်ကရစ်တံတားများအစားထိုး တည်ဆောက်ပေးခြင်း၊ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေး ခွင့်ပြုရန်ပုံငွေကျပ် ၄၃ သိန်း ငါးသောင်းအကုန်အကျခံ၍ မြို့ပတ်လမ်းအရှည် ပေ ၃၅၀၀၊ အကျယ် ၁၂ ပေဖြင့် ပြန်လည်ပြုပြင်ခင်းကျင်းဆောင်ရွက်ခဲ့ကြောင်း တာဝန်ရှိသူထံမှ သိရှိ ရသည်။

ဒေသခံပြည်သူများကလည်း ဆားလင်းကြီးမြို့က မြို့ပတ်လမ်းလေးအား ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ထင်သာမြင်သာပြုပြင်စရာကဏ္ဍတွင် ဖော်ပြပေးခဲ့သော မြန်မာ့အလင်းသတင်းစာတို့အား ဝမ်းသာပျော်ရွှင်စွာဖြင့် ကျေးဇူးတင်မိပါကြောင်း ဒေသခံမြို့သူ မြို့သားများကိုယ်စား ရေးသားဖော်ပြလိုက်ရပါသည်။

ဦးငယ်(ဆားလင်းကြီး)

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့နယ်စာရေးဆရာအသင်းမှ ၂၀၁၄ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၅ ရက်က မြို့နယ်စာရေးဆရာအသင်း ရုံးခန်း၌ ကျင်းပစဉ်။ (မိတ္ထီလာမဂ္ဂဇင်းအတွက် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ မြို့နယ် စာရေးဆရာအသင်းရုံး(ထွေ/အုပ် ရုံးအောက်ထပ်)သို့ ပေးပို့ရန် မဂ္ဂဇင်း ကော်မတီ မြို့နယ်စာရေးဆရာအသင်းက နှိုးဆော်ထားကြောင်း သိရသည်။)

(၀၀၆)

အနောက်ဂန့်ဂေါနှင့် ရှုံးရှီကျေးရွာတို့တွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးပေးလျက်ရှိ

ဂန့်ဂေါ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါနှင့် ရှုံးရှီကျေးရွာတို့တွင် ကွန်ကရစ်ဓာတ်တိုင်အသစ်များ အစားထိုးလဲလှယ်ခြင်း၊ မီးကြိုးအသစ်များအဆင့်မြှင့်တင် အစားထိုးလဲလှယ်ခြင်း၊ ထရန်စဖော်မာများ အဆင့်မြှင့်တင်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ပြီးနောက် လျှပ်စစ်ဓာတ်အားသုံးစွဲသူ အိမ်ခြေဦးရေကိုတိုးမြှင့်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အနောက်ဂန့်ဂေါနှင့် ရှုံးရှီကျေးရွာတို့သည် တစ်ဆက်တစ်စပ်တည်း တည်ရှိပြီး နှစ်ရွာပေါင်းအိမ်ခြေ ၁၄၀၀ကျော်ခန့်ရှိကြောင်း၊ ယခင်က လျှပ်စစ်ဌာနမှ ဒီဇယ်အင်ဂျင်မီးစက်ဖြင့် ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များ၊ အနောက်ဂန့်ဂေါကျေးရွာနှင့် ရှုံးရှီကျေးရွာတို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခဲ့ရာ၌ အနောက်ဂန့်ဂေါနှင့် ရှုံးရှီကျေးရွာတို့တွင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲသော အိမ်ခြေ ၈၃အိမ်ရှိခဲ့ကြောင်း၊ ဂန့်ဂေါမြို့တွင် 66/11KV, 2MVA ဂန့်ဂေါ ဓာတ်အားခွဲရုံကို တည်ဆောက်ပြီးနောက် ၂၀၁၃ခုနှစ်အောက်တိုဘာ ၁၄ရက် ညနေ ၅ နာရီခွဲခန့်ကစတင်၍ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာ၌ ဓာတ်အားလိုင်းအဟောင်းဖြင့် ယာယီစတင်အသုံးပြုခဲ့ကြကြောင်း၊ ထရန်စဖော်မာများ အဆင့်မြှင့်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အနောက်ဂန့်ဂေါကျေးရွာနှင့် ရှုံးရှီကျေးရွာတို့ အတွက် 11KV ဓာတ်အားလိုင်း ၁ ဒသမ ၅မိုင်တည်ဆောက်ခြင်း၊ 400 V ဓာတ်အားလိုင်း လေးမိုင်တည်ဆောက်ခြင်း၊ 200 KVA ထရန်စဖော်မာနှစ်လုံး တပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ယခုအခါလျှပ်စစ်ဓာတ်အားသုံးစွဲလိုသူများသို့ လျှပ်စစ်မီတာများတိုးချဲ့တပ်ဆင် အသုံးပြုခွင့်ချထားပေးလျက်ရှိရာ လျှပ်စစ်မီတာ ၃၅၀ကျော် တိုးချဲ့တပ်ဆင်အသုံးပြုခွင့်ချထားပေးထားပြီးဖြစ်ကြောင်း၊ နောက်ထပ်လည်း လျှပ်စစ်မီတာများတိုးချဲ့တပ်ဆင်အသုံးပြုခွင့်များ ပေးသွားရန်ရှိကြောင်း လျှပ်စစ်ဌာနမှသိရသည်။

အနောက်ဂန့်ဂေါနှင့် ရှုံးရှီကျေးရွာတို့သည် မြစ်သာမြစ်ခြားလျက် ဂန့်ဂေါမြို့နှင့် ကပ်လျက်တည်ရှိသော ကျေးရွာများဖြစ်ကြပြီး ယင်းကျေးရွာများနှင့် ဂန့်ဂေါမြို့တို့ ကူးသန်းသွားလာနိုင်ရန် မြစ်သာမြစ်ကူးတံတားတည်ဆောက်ရန် အခြေအနေရှိခြင်း၊ တံတားတည်ဆောက်ပြီးခဲ့ပါက မြို့နယ်နိမိတ်အဖြစ် သတ်မှတ်ရန် အခြေအနေရှိနေခြင်းတို့ကြောင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေပြီဖြစ်သည့်အပြင် လမ်းများချဲ့ထွင်ခြင်း၊ ကျောက်လမ်း၊ မြေလမ်းများအား အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နေပြီဖြစ်ကြောင်း ဒေသခံထံမှသိရသည်။

"ဒီကျေးရွာတွေကို မြို့နယ်နိမိတ်အဖြစ် သတ်မှတ်မယ်ဆိုလို့ ဝမ်းသာနေကြပါတယ်။ မြို့နယ်နိမိတ်အဖြစ် သတ်မှတ်လိုက်တဲ့အခါ သတ်မှတ်အခွန် ဘဏ္ဍာငွေတွေကို ကျေပွန်စွာဆောင်ရွက်ကြရမှာဖြစ်သလို ရရှိလာတဲ့အခွန်ဘဏ္ဍာငွေတွေကို ခွဲဝေသုံးစွဲပြီးတည်ဆောက်လို့ လမ်း၊ တံတားတွေကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု ရှုံးရှီကျေးရွာနေသူ တစ်ဦးက ပြောကြားသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ် ၃၉၊ ၅၈×၅၉ ကြား၊ အောင်ဇေယျနှင့် ဘုရင့်နောင်ကြားရှိ ဒေါ်ခင်ဝင်းကြည်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်စန်းစန်းလွင် ၉/မနမ(နိုင်)၁၁၁၄၈၀မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ လမ်းဖိုး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၂)၊ ဦးပိုင်အမှတ် ၃၄၊ ၅၅×၅၆ကြား၊ ဗန္ဓုလ×ဘုရင့်နောင်လမ်းကြားရှိ ဒေါ်ခင်မော်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသိန်းဇော် ၉/မနတ(နိုင်)၀၈၂၁၃၆ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၂/၁)၊ ဦးပိုင်အမှတ် ၃၅၊ ၃၆×၃၇လမ်းကြား၊ ၅၆×၅၇ကြားရှိ ဦးသာပိုအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးအောင်စိုး ၉/ခအဇ(နိုင်)၀၂၂၈၇၈မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းကတ္တူရပ်ကွက်၊ အကွက်အမှတ်(၃၄၂)၊ ဦးပိုင်အမှတ်(၁၀)၊ တာရိန်လမ်း၊ မဟာစည်ရိပ်သာလမ်းနှင့် သင်္ဂဇာချောင်းကြားရှိ မခင်သန်း၊ မမြ၊ အောင်ကျော်မောင် အမည်ပေါက် ဘိုးဘမြေကွက်အား မိခင်ဖြစ်သူ ဒေါ်ခင်သန်း(သမီး)၊ ဒေါ်မြ(အပျိုကြီးဘ၀)ဖြင့် အသီးသီးကွယ်လွန်၍ သားဖြစ်သူ ဦးကျော်မောင်ကျန်ရစ်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးကျော်မောင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောဇနီးဖြစ်သူ ဒေါ်သန်းရင် ၉/မနတ(နိုင်)၀၅၈၈၇၃ မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၃)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၀×၆၁ ကြား၊ အောင်မင်္ဂလာလမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဦးအွမ္မာအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျော်စိန်(ခ)ဦးဆွေယဒ်ဟူစိန် ၉/မနမ(နိုင်)၀၀၈၈၉၈နှင့် ဒေါ်ဆူရာခါတူ ၉/ခမစ(နိုင်)၀၀၉၉၁၉တို့မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ မြေဖိုး/လမ်းဖိုးငွေရပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၃)၊ ဦးပိုင်အမှတ် ၂၊ ၆၇လမ်း၊ A လမ်းနှင့် Bလမ်းကြားရှိ ဦးဇော်မင်းသစ်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ထွေးထွေးခိုင် ၅/ရဥန(နိုင်)၀၀၅၈၆၄မှ မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၀)၊ ဦးပိုင်အမှတ်(၈၅+၈၆)၊ ၄၉×၅၀ကြား၊ မြတ်လေး×ပိတောက်လမ်းကြားရှိ တောဂရန်မြေကွက်မှာ ဦးဝမ်စီးအမည်ပေါက် ဖြစ်ပါသည်။ အမည်ပေါက်သူ ဦးဝမ်စီးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၉၇၉/၂၀၁၁ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြည်စိုး ၁၂/မရက(နိုင်)၀၇၁၄၉၀မှ မြေယာပုံစံ(၁၀၅)၊ (၁၀၆)လျှောက်လွှာတင်သောအခါ ဦးပိုင်(၈၆)တွင် ဦးဝမ်စီးအမည်ဖြင့် မှတ်သားထားသော်လည်း ဦးပိုင်(၈၅)တွင် ဦးဝမ်စီး၊ တပ်ကြပ်ဇော်ဝင်း၊ ဦးညွန့်လှိုင်အမည်ပေါက် သုံးခုဖြစ်နေပါသည်။ ဦးဝမ်စီးနေထိုင်စဉ်ကာလတွင်လည်း ဆန့်ကျင်ပြောဆို၊ ဟန့်တားကန့်ကွက်ခြင်းမရှိခဲ့ပါ။ မြေခွန်များ မပျက်မကွက်ပေးဆောင်ခဲ့ပါသည်။ သို့ပါ၍ ဦးပိုင်(၈၅)အား ဦးဝမ်စီးအမည်ဖြင့် မှတ်သားပေးပြီး တပ်သားဇော်ဝင်းနှင့် ဦးညွန့်လှိုင်အမည်တို့အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၃၀)၊ ဦးပိုင်အမှတ်(၅.က)၊ (၅.င)၊ ၈၁လမ်း၊ ၃၇×၃၈လမ်းကြားရှိ ဒေါ်လှမြိုင်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးသွင်၊ မိခင်ဒေါ်လှမြိုင်တို့ ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၁၉/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော သား/သမီးများဖြစ်သည့် ဒေါ်မြမြသန်း ၉/မရတ(နိုင်)၀၄၀၄၁၇၊ ဦးသန်းဌွေး ၉/မရတ(နိုင်)၀၄၂၈၁၄၊ ဦးအေးကို ၉/မရတ(နိုင်)၀၄၀၄၁၀၊ ဦးမျိုးသန့် ၉/မရတ(နိုင်)၀၄၀၄၂၂၊ ဒေါ်လှလှဝင်း ၉/မရတ(နိုင်)၀၄၀၄၂၀၊ ဒေါ်ဝင်းဝင်းမာ ၉/မရတ(နိုင်)၀၄၀၄၂၁၊ ဒေါ်ဌွေးဌွေးဝင်း ၉/မရတ(နိုင်)၀၄၀၄၁၈၊ ဒေါ်မာမာသန်း ၉/မရတ(နိုင်)၀၄၀၄၁၉တို့မှ အမှုတွဲအမှတ် ၀၂၂၆/ဘ(ပြောင်း)/၂၀၁၄-၂၀၁၅ဖြင့် ဘ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပဲခူး-စစ်တောင်းတူးမြောင်း တာပေါင်အဆင့်မြှင့်တင်မှုကြောင့် သနပ်ပင်မြို့နယ်၌ ရေကြီးမှုများ သက်သာမှုရရှိ

သနပ်ပင် ဩဂုတ် ၁၁

သနပ်ပင်မြို့နယ်အတွင်း မိုးရွာသွန်းမှုများခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၆ ရက်က မင်းရွာကျေးရွာအုပ်စု၌ လူနေအိမ်ခြေ ၆၀ ခန့် ရေကြီးနစ်မြုပ်ခဲ့သဖြင့် မိသားစုဝင်ဦးရေ ၃၁၄ ဦးတို့ကို နီးစပ်ရာဘုန်းတော်ကြီးကျောင်းများနှင့် ရေနစ်မြုပ်မှုလွတ်ကင်းသည့် လူနေအိမ်သို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ခေါက်ဆွဲခြောက်များ၊ မုန့်မျိုးစုံနှင့် ထမင်း၊ ဟင်းထုပ်များကို စေတနာရှင်များက လှူဒါန်းကြကြောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနမှလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းရွာကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"ဩဂုတ်လပထမပတ်မှာ မိုးရွာသွန်းမှုအလွန်များတယ်၊ တူးမြောင်းနဲ့ ရေနုတ်မြောင်းတွေက ရေဆွဲအားကောင်းလို့ ကျေးရွာထဲမှာတော်တော်နဲ့ ရေမကြီးဘူး၊ ဩဂုတ် ၆ ရက်ကျမှ လူနေအိမ် ၆၀ လောက် ရေနစ်မြုပ်ခဲ့တယ်။ မိုးဆက်မရွာတော့ ၈ ရက်နေ့မှာ ရေပြန်ကျသွားတယ်။ အထူးသဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းကို ဒီနှစ်မှာ အဆင့်မြှင့်တင် တူးဖော်တာပေါင်ဖို့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့လို့ **(အပေါ်ပုံ)** တူးမြောင်း တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေက လူနေအိမ်နဲ့ လယ်မြေတွေ ရေကြီးနစ်မြုပ်မှုမှ သက်သာမှု ရရှိခဲ့တယ်၊ မဟုတ်ရင်ဒီထက်ဆယ်ဆမက ရေကြီးနစ်မြုပ်နိုင်တယ်။ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနတည် ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူး(၁)ဦးတင်မောင်အေး ဦးဆောင်တဲ့အဖွဲ့ကလည်း တူးမြောင်းတစ်လျှောက် စဉ်ဆက်မပြတ်လိုအပ်ချက်တွေ ပြုပြင်ဆောင်ရွက်ပေးနေတာ တွေ့ရတယ်။ အဲဒီလိုဆောင်ရွက်ပေးနေလို့လည်း သနပ်ပင်မြို့နယ်နဲ့ဝေါမြို့နယ်ကို အချိန်မရွေး ကုန်းလမ်းရော ရေလမ်းပါ သွားလာလို့ရနေတယ်။ ကျွန်တော်တို့ဒေသရဲ့ ရေကြီးမှု အဆိုးရွားဆုံးဖြစ်နိုင်တဲ့ အခြေအနေမှာ အခုလိုသက်သာမှုတွေရရှိပြီး လက်တွေ့အကျိုးကျေးဇူးတွေရရှိနေတာကြောင့် ပဲခူး-စစ်တောင်း တူးမြောင်းအဆင့်မြှင့်တင်တူးဖော် တာပေါင်ဖို့ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ ဆည်မြောင်းဝန်ကြီးဌာနတို့ကို အထူးကျေးဇူးတင်ရှိပါတယ်"ဟု မင်းရွာကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောပြသည်။

ရဲထွဋ်(မင်းရွာ)

ယာဉ်/လမ်းစည်းကမ်းလိုက်နာရန် ရှင်းလင်း

တောင်ကြီး ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၁၁)အထက၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စီက အမှာစကားပြောကြားပြီး မော်တော်ဆိုင်ကယ်စီးသူများအပါအဝင် လမ်းအသုံးပြုသူများလိုက်နာရန် စည်းကမ်းချက်များကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေကလည်းကောင်း **(ဝဲပုံ)**၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ယာဉ်ထိန်းတပ်ဖွဲ့မှဒုရဲမှူး ထွန်းထွန်းအောင်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူး၊ လိမ်လည်မှုနှင့် မှုခင်းကြိုတင်ကာကွယ်မှုကို စခန်းမှူးရဲအုပ်ထွန်းထွန်းဦးတို့ကလည်းကောင်း ပရိုဂျက်တာများဖြင့် ပြောကြားပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ဝေငှပေးသည်။

(တောင်ကြီး ကညန)

သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ဆိုင်းလီအောက်မေ့ဖွယ်ခန်းမ၌ ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသော ဖြူစင်မေတ္တာလူမျိုးဘာသာမရွေး သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်ဆွေးနွေးပွဲ၌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်တွင် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီနည်းဥပဒေများ ပြဋ္ဌာန်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အသင်းအတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ယာဉ်လိုင်းလုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၁

မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ရန်ကုန်အနောက်ပိုင်းခရိုင် ယာဉ်လိုင်း၏ လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက မထသ(ဗဟို)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က အမှာစကား ပြောကြားသည်။

ထို့နောက် ယာဉ်လိုင်းအဆင့်ဆု၊ ခရိုင်အဆင့်ဆုများဖြစ်သည့် ယာဉ်ဆု၊ ယာဉ်မောင်း/ ယာဉ်နောက်လိုက်ဆု၊ စာရိတ္တမောင်ယာဉ်လုပ်သားဆု၊ ယာဉ်လိုင်းတိုးတက်ရေးဝန်ထမ်းဆု၊ စက်သုံးဆီဖြင့် ၇၅ ရာခိုင်နှုန်းပြည့်မီစွာ ပြေးဆွဲနိုင်သည့် ဆုများကိုလည်းကောင်း၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်၊ သယ်န်းကျွန်းနှင့် မြောက်ဥက္ကလာပဆေးရုံလေးရုံတို့အား ထောက်ပံ့လှူဒါန်းငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်နှင့် ကော်မတီဝင်များက ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက ကွင်းအတွင်း နေရာယူကြပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် အားကစားမောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။ အဆိုပါပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အခြေခံစာရင်းကိုင်ပညာသင်တန်းအမှတ်စဉ် ၂/၂၀၁၄

လျှောက်လွှာခေါ်ယူခြင်း

အခြေခံစာရင်းကိုင်ပညာသင်တန်း အမှတ်စဉ် ၂/၂၀၁၄ သင်တန်းကို ၃၀-၈-၂၀၁၄ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

သင်တန်းကာလ	- ၂၅-၈-၂၀၁၄ရက်မှ ၂၁-၁၁-၂၀၁၄ရက်အထိ
သတ်မှတ်ပညာအရည်အချင်း	- အခြေခံပညာအထက်တန်းအောင်(သို့မဟုတ်) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်
သင်တန်းရက်	- စနေ/တနင်္ဂနွေ
သင်တန်းချိန်	- နံနက် ၉း၃၀နာရီမှ ၂း၃၀နာရီ
သင်တန်းနေရာ	- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
သင်တန်းကြေး	- ၁၈၀၀၀ ကျပ်
လျှောက်လွှာလက်ခံမည့်ရက်/နေရာ	- ၁၁-၈-၂၀၁၄ရက်မှ ၂၂-၈-၂၀၁၄ရက် (နံနက် ၁၀း၀၀ နာရီမှ ညနေ ၁၅း၀၀ နာရီအထိ) ရုံးဖွင့်ရက်များ အမှတ် ၃၅/၈၇၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ စီမံဌာန၊ ဖုန်း-၀၁-၂၁၂၅၁၆
မှတ်ချက်	- လိုင်စင်ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း/မိတ္တူ)၊ အောင်လက်မှတ်(မူရင်း/မိတ္တူ)

ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/မစိုးရိမ်အရှေ့၊ မြေကွက်/ဦးပိုင်အမှတ် ၁၅ဃ၊ ဧရိယာ ၀ဒသမ ၃၁၂ဧကရှိ ဦးဌေးအောင် (ပါ)-၂ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဌေးအောင် ၉/ပမန(နိုင်)၀၀၈၅၀၂ (ဘ) ဦးဖိုးကျားမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန
ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များ၊ မီးသတ်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့်ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနအလိုက် တင်ဒါစိစစ်ရွေးချယ်မှုများအား အောက်ယှဉ်တွဲပါ နေ့ရက်များအလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၂၀-၈-၂၀၁၄ ရက်
(ခ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	၂၁-၈-၂၀၁၄ ရက်
(ဂ)	အကျဉ်းဦးစီးဌာန	၂၂-၈-၂၀၁၄ ရက်
(ဃ)	မီးသတ်ဦးစီးဌာန	၂၅-၈-၂၀၁၄ ရက်မှ ၂၆-၈-၂၀၁၄ ရက်အထိ
(င)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	၂၇-၈-၂၀၁၄ ရက်မှ ၂၈-၈-၂၀၁၄ ရက်အထိ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသည့် အဆိုပြုလွှာများကို ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီမှ စိစစ်ရွေးချယ်၍ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော ကုမ္ပဏီများအမည်စာရင်းအား ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၀ တွင် ၁၁-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ကြေညာထားမည်ဖြစ်ပြီး အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၀၆၇-၄၁၂၀၄၅
(ခ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၁၂၁၈၃၊ ၀၆၇-၄၁၂၅၂၈
(ဂ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၃၇၄၊ ၀၆၇-၄၃၁၃၉၆
(ဃ)	အကျဉ်းဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀
(င)	မီးသတ်ဦးစီးဌာန	ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၀၆၇-၄၂၀၉၁၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)တွင် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	
၁။	ဗီရို(LeecocB 03)(3'× 1'× 6')	(၅) လုံး
၂။	ကုလားထိုင်(လက်တန်းမပါ)	(၁၀) လုံး
၃။	ခုတင်(6.6'× 3.6'× 1.6')	(၂၀) လုံး
၄။	ဖိုင်တင်စင်(3'× 1'× 3')	(၃) လုံး
၅။	စားပွဲရိုးရိုး(4'× 3'× 2.5')	(၅) လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၁-၈-၂၀၁၄ ရက်၊ ၁၅း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ) ဖုန်း-၀၄၄-၂၁၇၃၈ နှင့် ၀၉-၄၂၂၄၈၉၅၇၁ တို့တွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ် ၉၁၅၊ ၉၁၆ အမည်ပေါက် ဦးလှဝေ မြေကွက်အမှတ် ၁၃၂၄၊ ၁၃၂၅ အမည်ပေါက် ဦးဘိုးသက်ပါ-၃၊ မြေကွက်အမှတ် ၁၃၃၈ အမည်ပေါက် ARM ရာမဆာမိချန္ဒီးတို့၏မြေကွက်များကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမောင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၁၇၈၀က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပညာရေးဌာနသို့ စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရေဦး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် အင်ပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၈ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခဲ့သည့် တစ်ဦးတည်းအလှူရှင် ဦးချိုနိုင် မိသားစုက ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း တစ်ထပ်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၂၀ ဖြစ်ကြောင်း သိရှိရသည်။

သန်းထိုက်(ရေဦး)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ကျင်းပ

ကျွန်းလှ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၁၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို မြို့နယ်စုပေါင်းရုံးခန်းမ၌ ဩဂုတ် ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားအေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းငွေးက ကလေးမိခင်များ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးကြရန်လိုကြောင်း၊ မိခင်နို့တွင်အာဟာရပြည့်ဝစွာပါဝင်သဖြင့် ကလေးငယ်များအား အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်ကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော ကလေးသေဆုံးမှုကျဆင်းရေးကို အထောက်အကူဖြစ်စေကြောင်း၊ အာဟာရဖြစ်စေသည့် အစားအစာနှင့် အိုင်အိုဒင်းဆားစားသုံးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရအစားအစာ လက်တွေ့အသုံးပြုချက်ပြုတ်နည်းတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး အိုင်အိုဒင်းဆားများ အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

လူကုန်ကူးမှုတားဆီးရေး ပညာပေးဟောပြော

မြိုင် ဩဂုတ် ၁၁

လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာဥပဒေအကြောင်းများ အသိပညာပေးဟောပြောပွဲကို မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးခန်း၌ ဩဂုတ် ၈ ရက်က ကျင်းပသည်။

ဟောပြောပွဲကို မြိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူးဝင်းမြင့်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်လွင်လွင်အေးတို့က လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးနှင့် အမျိုးသမီး များအားအကြမ်းဖက်မှုဆိုင်ရာဥပဒေအကြောင်းများ အသိပညာပေးဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စုထွေးမာက လူမှောင်ခိုကူးမှုအကြောင်း အရာများကို အသိပညာပေးဟောပြောသည်။ **စိန်မြိုင်(မြိုင်)**

ကလေးတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ်များ တည်ဆောက်မှုပြီးစီး

ကလေး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ်တွင် ၂၀၁၃ ခုနှစ်က စတင်ဆောက်လုပ်နေသော သုံးထပ်စာသင်ကျောင်းဆောင်သစ် သုံးဆောင် တည်ဆောက်မှုများ ပြီးစီးနေပြီဖြစ်ပြီး မကြာမီစတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကလေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူး၊ မော်လိုက်နှင့် ခန္တီးမြို့နယ်များမှကျောင်းသားကျောင်းသူများ၊ ချင်းပြည်နယ်မှ ဖလမ်း၊ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံမြို့နယ်များ၊ ရိဒ်ခေါဒါရ်နှင့် ကျီခါးမြို့နယ်ခွဲတို့မှ ကျောင်းသား ကျောင်းသူများက အဆင့်မြင့်ပညာ လာရောက်ဆည်းပူးသင်ယူကြသည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်ရာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ စာသင်ခန်းများ လုံလောက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ငွေလုံးငွေရင်းထောက်ပံ့ငွေဖြင့် အလျား ၁၉၂ ပေ၊ အကျယ် ၃၈ ပေရှိ သုံးထပ်စာသင်ဆောင်သစ်သုံးဆောင်ကို ငွေကျပ်သိန်းပေါင်း ၁၉၆၉၉ သိန်း အကုန်အကျခံ၍ ပြည်သူ့ဆောက်လုပ်ရေးအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကလေးတက္ကသိုလ်ကို ၁၉၉၃ ခုနှစ်က ကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကာ ၂၀၀၃ ခုနှစ် မေ ၁၄ ရက်တွင် တက္ကသိုလ်အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

တောင်ကလပ်ကျေးရွာ သောက်သုံးရေသွယ်ယူရေးလုပ်ငန်းအတွက် အလှူငွေပေးအပ်

ကျောက်ပန်းတောင်း ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ကျေးရွာတွင် နွေရာသီကာလများ၌ ရေခက်ခဲမှုရှိသဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၆ ရက်က တောင်ကလပ်ကျေးရွာ ဂေါပကအဖွဲ့ရုံးခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ တောင်ကလပ်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံလှနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များဖြစ်ကြသည့် ဧရာဝတီဘဏ်ခွဲ၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ၊ ယူနိုက်တက်အမရဘဏ်ခွဲနှင့် Popa Resort တို့မှ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ကလပ်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံလှနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းတို့က အမှာစကားပြောကြားပြီး အလှူရှင်များက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီဘဏ်ခွဲက အလှူငွေကျပ်သိန်း ၅၀ နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲက ငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ တောင်ကလပ်ကျေးရွာသည် အမြင့်ပေ ၄၉၈၁ ပေရှိသည့် ပုပ္ပားတောင်မကြီးပေါ်တွင်တည်ရှိပြီး နွေရာသီကာလ ရောက်ရှိသည့်အခါတိုင်း သောက်သုံးရေပြတ်လပ်မှုကို ကြုံတွေ့နေရသဖြင့် ပုပ္ပားတောင်မကြီး၏ အရှေ့တောင်ဘက်ရှိ ရေဆူရေထွက်မှ သဘာဝစိမ့်စမ်းရေကို သို့လှောင်၍ ပိုက်ဖြင့် သွယ်တန်းရယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၆၀၀ ခန့် ဖြစ်ကြောင်း သိရသည်။

ပုပ္ပားတောင်ကလပ်ဝန်းကျင်တွင် ဘုန်းတော်ကြီးကျောင်း ၂၃ ကျောင်း၌ သံဃာတော်အပါး ၁၅၀ ခန့် သီတင်းသုံးလျက်ရှိကြပြီး ကျေးရွာအိမ်ခြေအိမ်ထောင်စု ၁၉၈ စုတွင် လူဦးရေ ၈၅၀ ခန့် နေထိုင်လျက်ရှိသည့်အပြင် နေ့စဉ် ဘုရားဖူးဧည့်သည်များ လာရောက်လျက်ရှိနေသဖြင့် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လှူဒါန်းလိုသူများအနေဖြင့်လည်း တောင်ကလပ်ဂေါပကအဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

နေအောင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံ(ဆိပ်ကမ်း)၊ရတနာမြို့နယ်၊ မြေကွက်အမှတ်(၆၇/ဒီ)၊ မြေကွက်အမှတ် ၄၁ အမည်ပေါက် ဗိုလ်မှူးကြီးတင်ဝင်း ၃/ဘအန(နိုင်)၂၀၄၀၉၆မှ ပါမစ်ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူမှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ပြုလုပ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၂၆၀)၊ အမည်ပေါက် ဒေါ်ငွေရ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးတင်မောင်ဦး ၁၂/ကတန(နိုင်)၀၅၃၅၁၆မှ မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန်ကွက်နိုင်ပါကြောင်း

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၆၇/စီ၊ရတနာ၊မြေကွက်အမှတ်၃၀၊ မြေကွက်တည်နေရာအမှတ် ၃၀၊ ၆၇ စီ၊ ရတနာ၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ဦးအင်ကီတပ် (ခ)ဦးရွှေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအင်ကီတပ်(ခ)ဦးရွှေ(ဖခင်)၊ ဒေါ်ခင်စန်းရီ(ခ)တန်ရှုငေါ်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်တင်တင်မွေး ၁၂/လသန(နိုင်)၀၁၅၃၄၄၊ ဦးအောင်ကျော်ဦး ၁၂/လသန(နိုင်)၀၁၅၃၄၅၊ ဒေါ်ယဉ်ယဉ်မွေး ၁၂/လသန(နိုင်)၀၀၅၃၃၅၊ ဦးကျော်လင်း ၁၂/လသန(နိုင်)၀၀၅၂၃၇၊ ဦးအောင်ကျော်ဝင်း ၁၂/လသန(နိုင်)၀၀၅၃၃၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
လက်ပံတန်းမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမမူလမှုအမှတ်-၈၁

ဒေါ်အေးအေးကျော် **နှင့်** ၁။ မောင်စန်းလွင်
၂။ မသူဇာဝင်း(ဘ)ဦးသန်းဝင်း
(အတူနေဇနီးမောင်နှံ)

တရားလို **တရားပြိုင်များ**

လက်ပံတန်းမြို့၊ မအူကုန်းရပ်ကွက်၊ နယ်မြေ (၁၂)၊ ကံကြီးလမ်းနေ (ယခုနေရပ်လိပ်စာမသိ) မောင်စန်းလွင်ပါ (၂)ဦး သိစေရမည်။။

သင့်အပေါ်၌ တရားလိုမအေးအေးကျော်က ချေးငွေ ၁၀ သိန်းတိတိရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ်၁၈ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းကျော်)
ဒုတိယမြို့နယ်တရားသူကြီး
လက်ပံတန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အထူးဇုန်(၂)C-16၊ အကွက်အမှတ် ၂၂၄၊ နှစ်ရှည် ၅ ဧက (၁)ယူနစ်စိုက်ပျိုးမြေကို ဦးဆွေခန့်ထန် ၁၄/ပတန(နိုင်)၀၀၇၆၄၇ထံမှ ဒေါ်နန်းမွေ ၁၃/တကန(နိုင်)၀၀၃၄၃၁က ဝယ်ယူထားပြီးဖြစ်ကြောင်း ပိုင်ရှင်အမည်ပြောင်းပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ညောင်နှစ်ပင် အထူးဇုန်(၂) စီမံခန့်ခွဲရေးကော်မတီရုံး MG လမ်းမကြီး၊ C14 သို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ပိုင်ရှင်အမည်ပြောင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အကြောင်းကြားပါသည်။

ပိုင်ရှင်
ဒေါ်နန်းမွေ
၁၃/တကန(နိုင်)၀၀၃၄၃၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အထူးဇုန်(၂)C-16၊ အကွက်အမှတ် ၁၈၀၊ ၁၅၉ နှစ်ရှည် ၁၀ဧက (၂)ယူနစ်စိုက်ပျိုးမြေကို ဒေါ်မြင့်ရင် ၁/မညန(နိုင်)၀၇၆၇၈၈၊ ဒေါ်ရီရီမြ ၅/စကန(နိုင်)၀၁၆၉၂၃တို့ထံမှ ဦးဇော်ဝင်း ၁၃/တကန(နိုင်)၁၃၈၅၉၆၊ ဒေါ်နန်းကျန်တစ် ၁၃/တကန(နိုင်)၀၅၈၆၀၀မှ ဝယ်ယူထားပြီးဖြစ်ကြောင်း ပိုင်ရှင်အမည်ပြောင်းပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ညောင်နှစ်ပင် အထူးဇုန်(၂) စီမံခန့်ခွဲရေးကော်မတီရုံး MG လမ်းမကြီး၊ C14 သို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ပိုင်ရှင်အမည်ပြောင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အကြောင်းကြားပါသည်။

ပိုင်ရှင်
ဦးဇော်ဝင်း
၁၃/တကန(နိုင်)၁၃၈၅၉၆
ဒေါ်နန်းကျန်တစ်
၁၃/တကန(နိုင်)၀၅၈၆၀၀

ကျောက်ပန်းတောင်းတွင် စည်းကမ်းပျက်ဆိုင်ကယ်များ အရေးယူ

ကျောက်ပန်းတောင်း ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုပိုမိုကောင်းမွန်လာစေရန်အတွက် စည်းကမ်းညီညွတ်မှုမရှိသော ယာဉ်များ၊ မော်တော်ဆိုင်ကယ်ဦးထုပ် မဆောင်းသူများနှင့် လမ်းပြောင်းပြန်စီးနင်းသူများ၊ သတ်မှတ်ဦးရေထက်ပိုမိုတင်ဆောင်စီးနင်းခြင်းများကို ဩဂုတ် ၁ ရက်မှစတင်၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များက ဥပဒေအရ မော်တော်ဆိုင်ကယ်စီးနင်းသူ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအတွက် စည်းကမ်းချက်များထုတ်ပြန်၍ စည်းကမ်းဖောက်ဖျက်သူများကို ဒဏ်ငွေကျပ်သုံးသောင်းမှ အများဆုံး ငွေကျပ်တစ်သိန်းအထိ ပေးဆောင်စေရန် သတ်မှတ်ဆောင်ရွက်ခဲ့ရာ ကျောက်ပန်းတောင်းမြို့နယ်တွင် ဩဂုတ် ၁ ရက်မှ ဩဂုတ် ၉ ရက်အထိ စည်းကမ်းမဲ့မော်တော် ဆိုင်ကယ် ၂၄၇ စီးကို အရေးယူဆောင်ရွက်နိုင်ခဲ့သော်လည်းအချို့မှာဖမ်းဆီးရေးယာအတွင်းမှ အရှိန်မြင့်မောင်းနှင်ထွက်ပြေးခြင်း၊ တာဝန်ထမ်းဆောင်နေသူများကို မချေမငံပြောဆိုခြင်းများ နေ့စဉ်ကြုံတွေ့ရလျက်ရှိရာ မိမိတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းဖြစ်သည့်အလျောက် ပြည်သူများကိုယ်တိုင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း လိုအပ်လျက်ရှိသဖြင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးတိုက်တွန်းထားကြောင်း သိရှိရသည်။

နေအောင်

အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုနှင့် စံပြမိခင် ရွေးချယ်ပွဲ ကျင်းပ

မူဆယ် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုနှင့် စံပြမိခင်ရွေးချယ်ပွဲကို နမ့်ခမ်းမြို့နယ်ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၇ ရက် က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဆောင်ရွက်ရခြင်းသည် အာဟာရဆိုင်ရာ အသိဉာဏ်ဗဟုသုတများ ရရှိပြီး ပြည်သူလူထုအတွင်း အာဟာရအသိပညာများ ဖြန့်ဖြူးပေးရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး မှန်ကန်သော နေထိုင်စားသောက်မှု ဓလေ့မြင့်မားလာပြီး အာဟာရပြည့်ဝစေရန်၊ အာဟာရလိုအပ်ချက်ပြည့်ဝစွာ ရရှိရေးကို အထူးသတိပြုဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

"ဒီဩဂုတ်လ တစ်လလုံးဟာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖြစ်ပြီး ဩဂုတ်လ ပထမပတ်ဟာ မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယပတ်ကတော့ ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယပတ်ဟာ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထပတ်ကိုတော့ အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေးဆိုပြီး ပြုလုပ်သွားမှာ ဖြစ်ပါတယ်"ဟု နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ပြောကြားသည်။

ထို့နောက် မိခင်နို့ တိုက်ကျွေးရေး စံပြမိခင်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကာ ကလေးငယ်များအား လက်ဆောင်များပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

အယ်လ်စိုး(iprd)

လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေး

ရေစကြို ဩဂုတ် ၁၁

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်က အဆိုပါကျောင်းသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက အမှာစကားပြောကြားပြီး ရဲမှူးတင့်ဆွေ၊ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြအေးစီတို့က လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးအကြောင်းအရာများကို ရှင်းလင်းဟောပြောကြသည်။ **(ယာပုံ)**

ဟောပြောပွဲသို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှသင်တန်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အိမွန်ဆွေ(ရေစကြို)

စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပါသည်။

စဉ်	ဌာန	ဆောင်ရွက်မည့်လုပ်ငန်း	တည်နေရာ
(၁)	စိုက်ပျိုးရေးသိပ္ပံ ပုသိမ်ကြီး	စာသင်ဆောင်(၁)ထပ်ဆောင် ပေ (၁၂၀×၄၃×၁၄)RC	စိုက်သိပ္ပံကျောင်း ပုသိမ်ကြီး
(၂)	စိုက်ပျိုးရေးသိပ္ပံ ပုသိမ်ကြီး	ဓာတ်ခွဲခန်း ပေ (၆၀×၄၀×၁၂)RC	စိုက်သိပ္ပံကျောင်း ပုသိမ်ကြီး

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၇-၉-၂၀၁၄ ရက်

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၂-၇၈၆၅၆၊ ၀၂-၇၈၆၄၅၊ ၀၂-၇၈၆၄၄ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စိုက်ပျိုးရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး
၇၃လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရစက်မှုလက်မှုသိပ္ပံ
သရက်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရ စက်မှုလက်မှုသိပ္ပံ(သရက်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို (Leeco CB 03) (3' × 1' × 6')	(၄)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၉-၈-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်) ဖုန်း-၀၉-၈၆၉၀၁၁၇၊၀၉-၂၅၆၅၈၀၅၈၄ တို့တွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)

ဖခင်အမည်မှန်

အထက(၂)၊ လယ်ဝေး၊ တက္ကသိုလ်ဝင်တန်း(စီ)မှ မရွှေရည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစောသန်း ၉/လဝန(နိုင်)၀၉၈၁၈၃ဖြစ်ပါကြောင်း။

ဦးစောသန်း ၉/လဝန(နိုင်)၀၉၈၁၈၃

ဖခင်အမည်မှန်

အထက၊ သစ်ပုတ်ပင် တက္ကသိုလ်ဝင်တန်း(စီ)မှ မသန္တာမင်း ကျောင်းဝင်အမှတ် ၅၇၂၆နှင့် အထက(ခွဲ)မင်းပြင်၊ ပဥ္စမတန်း(အေ)မှ မသီတာမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းလှိုင်ဦး ၉/လဝန(နိုင်)၁၂၄၀၇၇ဖြစ်ပါသည်။ **ဦးမင်းလှိုင်ဦး**

အမည်မှန်

ထားဝယ်မြို့၊ အကျဉ်းဦးစီးဌာန၊ ဦးစီးအရာရှိ ဦးအောင်မင်း-ဒေါ်သီတာခင်တို့၏ သားဖြစ်သူ ရွှေဘိုမြို့၊ အထက ကျောက်မြောင်း၊ ပဥ္စမတန်း(က)မှ မောင်မင်းစွမ်းပြည့်အောင်၏ အမည်မှန်မှာ မောင်မင်းစွမ်းပြည့်ဖြစ်ပါသည်။ **မောင်မင်းစွမ်းပြည့်**

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ပလိပ်မြို့၊ ဈေးကွက်သစ်ရပ်နေ ဦးငွေမောင်၏သမီး မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်မှ မအိမ့်မျက်ခြယ်စိုး၏ အမည်မှန်မှာ မအိမ့်မျက်ချယ်စိုး ဖြစ်ပါကြောင်း။

မအိမ့်မျက်ချယ်စိုး
၉/စကတ(နိုင်)၀၈၇၀၄၉

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၉၆၂၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၉၃၁၉ Dong Fang, Truck(4×2) L.H.D ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးဆောင် ၇/ပတန(နိုင်)၀၇၂၁၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ
(ရွှာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၁၀၄၈၊ ၁၀၄၉၊ ၁၀၂၉) အမည်ပေါက် ဦးသောင်း၊ မြေကွက်အမှတ်(၄၀၃) အမည်ပေါက် ဒေါ်သန်းညွန့်၊ မြေကွက်အမှတ်(၁၀၄၆)အမည်ပေါက် ဒေါ်သင်း တို့၏မြေကွက်များကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကြိုင် ၁၂/ဒဂန(နိုင်)၀၀၅၅၇၃မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့၊ (ခ) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၉) နေ မောင်မျိုးဇော်အောင် ၆/ရဖန(နိုင်) ၀၃၃၂၀၉၊မဇင်မာအောင် ၆/ရဖန(နိုင်) ၀၆၃၃၀၆၊ မောင်ကျော်ထွေးအောင် ၆/ရဖန(နိုင်)၀၆၈၄၆၅တို့၏ ဖခင်အမည်မှန်မှာ ဦးရေပို ၆/ရဖန(နိုင်) ၀၀၁၉၉၈ ဖြစ်ပါသည်။

လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးရွာများတွင် ဆိုလာပြားများအသုံးပြုမှု တွင်ကျယ်လာ

မကွေး ဩဂုတ် ၁၀

မကွေးမြို့နယ်အတွင်းရှိ လျှပ်စစ်မီးရရှိရန် ခက်ခဲသောကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး အော်တိုဆိုလာပြားများဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်လာကြကြောင်း သိရသည်။

မကွေးမြို့နယ်မှ ကျေးလက်နေဒေသခံတစ်ဦးက "ကျွန်တော်တို့ရွာမှာဆိုရင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအဖွဲ့ ဖွဲ့ထားတာရှိတယ်။ ဆိုလာပြားနဲ့ မီးသီးတွေ အလှူခံပြီး ရွာလမ်းတွေမှာ တပ်ဆင်တယ်။ မီးလင်းရေး ကုသိုလ်ရှင်တွေကလည်း လှူကြပါတယ်။အခုဆိုရင် မီးစက်၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ မီးကြိုးတွေ မလိုတော့ဘဲ အော်တိုဆိုလာပြားတွေနဲ့ မီးရနေပါပြီ" ဟု ပြောကြားသည်။

ဆိုလာပြားများကို လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲသော ကျေးရွာများက အများဆုံးဝယ်ယူကြကြောင်း မကွေးမြို့ပေါ်ရှိ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်များမှ သိရသည်။ လျှပ်စစ်မီးသွယ်တန်းရန် ခက်ခဲသော ကျေးရွာများတွင် ဘက်ထရီဖြင့်သာ မီးထွန်းခြင်း၊ တီဗွီကြည့်ခြင်းများပြုလုပ်ရာ ဘက်ထရီအိုးများကို မီးစက်ဖြင့် အားသွင်းခြင်းနှင့်မြို့ပေါ်ရှိ ဘက်ထရီဆိုင်များသို့ပို့၍ အားသွင်းရသောကြောင့် ကုန်ကျစရိတ်များသည်။ ယခုကဲ့သို့ ဆိုလာပြားများ တပ်ဆင်အသုံးပြုခြင်းကြောင့် ဘက်ထရီ အားသွင်းရခြင်းကိစ္စ အကုန်အကျမရှိတော့ဘဲ အဆင်ပြေကြောင်း အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်ဝန်ထမ်းတစ်ဦးက ပြောပြသည်။

ဘက်ထရီအမျိုးအစား အလိုက် ဆိုလာပြားများမှာ စျေးနှုန်းအမျိုးမျိုးရှိပြီး အိမ်တွင်းမီးထွန်းရန်၊ တီဗွီကြည့်ရန် အများဆုံးအသုံးပြုကြကာ လမ်းမီးထွန်းရန်အတွက်လည်း အော်တိုဆိုလာပြားများ ဆိုက်မျိုးစုံ ရောင်းချရလျက်ရှိသည်။ လမ်းမီးတိုင်တစ်တိုင်တွင် ဆိုလာပြားတစ်ပြား၊ ဘက်ထရီအိုးတစ်လုံး၊ မီးသီးတစ်လုံး၊ အလင်းစုကိရိယာတစ်ခုနှင့် ဝိုင်ယာကြိုးများတပ်ဆင်ရပြီး ငွေကျပ် ၈၀၀၀၀ ဝန်းကျင်သာ ကုန်ကျကြောင်းနှင့် ရေရှည်ကုန်ကျစရိတ်မရှိတော့သကဲ့သို့ မီးရေးထင်းရေးနှင့် ကျေးရွာလုံခြုံရေးအတွက် စိတ်ချရသဖြင့် အသုံးများနေခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စွာ(မကွေး)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျိုင်းတုံ ဩဂုတ် ၁၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် World Vision (ကျိုင်းတုံ)တို့ ပူးပေါင်းပြီး ကျိုင်းတုံမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၈ ရက်က ကျိုင်းတုံမြို့ ကျိုင်းတုံဟိုတယ်သစ်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားပြီး တွဲဖက်ပြည်နယ်လူမှုဝန်ထမ်းရုံး တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးကျော်သူနိုင်က ကျိုင်းတုံမြို့အတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းရပ်များကိုလည်းကောင်း၊ ဌာနဆိုင်ရာကော်မတီဝင်များနှင့် World Vision (ကျိုင်းတုံ)တာဝန်ခံတို့ကလည်းကောင်း ဆွေးနွေးတင်ပြကြကာ ကော်မတီဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြေသားရေလှောင်ကန်များ တူးဖော်ပြီးစီး

ဝက်လက် ဩဂုတ် ၁၁

ဝက်လက်မြို့နယ်အတွင်း နွေရာသီရေရှားပါးသည့် ကျေးရွာများ ရေရရှိရန်အတွက် မြေသားရေလှောင်ကန်များကို ကျေးရွာ ၁၉ ရွာ၌ ရေကန် ၂၀ ကို ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် နိုင်ငံတော်သမ္မတ၏ အထူးသီးသန့်ရန်ပုံငွေကျပ် ၉၃ ဒသမ ၂၈၈ သန်းဖြင့် ဇွန်လမှစ၍ တူးဖော်ပေးခဲ့ရာ ယခုအခါတွင် ရေကန်အားလုံး တူးဖော်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရေကန် ၂၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငွေတောင်တန်းကုမ္ပဏီနှင့် ခနဖြိုးကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယင်းသို့ဆောင်ရွက်ပေးသဖြင့် ဝက်လက်မြို့နယ်အတွင်း ရေရှားပါးသည့်ကျေးရွာများဖြစ်သည့် မင်္ဂလရေစင်၊ ဆင်းကွတ်၊ သာလိုင်း၊ ရွာသစ်၊ နတ်ကုန်း၊ နဘဲပင်လှ၊ မြင်တော်၊ သရိုင်၊ ရှိမ္မကား၊ ဟန်လင်း၊ ချောင်းမီးတို၊ ပေါက်ကန်၊ ကူကောင်း၊ ဘူဘကန်၊ ညောင်ပင်တွင်း၊အုန်နွဲဘုတ်၊ ခါတော၊ အင်းဘဲကြီး၊ တမာကန် စသည့်ကျေးရွာ ၁၉ ရွာမှ ပြည်သူများအတွက် နွေရာသီတွင် ရေလုံလောက်စွာရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

နန်းမြင့်

ရေဘေးသင့်အိမ်ထောင်စုများနှင့် တောင်သူများအား ထောက်ပံ့

ကွမ်းလုံ ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နှင့် ဟိုပန်မြို့တို့တွင် ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် အိမ်ထောင်စုများ ရွှေ့ပြောင်းရသကဲ့သို့ ရေကြီးနစ်မြုပ်ခြင်း၊ မြေပြိုခြင်းများကြောင့် သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စုနှင့် သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် တောင်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၅ ရက်က ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့မှုအစီအစဉ်များနှင့် ပျက်စီးသွားသောလယ်ယာများပြန်လည်ပြုပြင်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ရေကြီးမှုကြောင့် ကွမ်းလုံမြို့နယ်မှ မိုးသီးနှံပျက်စီးမှု ၃၁၄ ဧကအတွက် ထောက်ပံ့ငွေကျပ် ၃၁၄၀၀၀၀၊ မြေပြိုခြင်းတွင် ပါဝင်သည့် အိမ်ထောင်စုခြောက်ခုအတွက် အိမ်ထောင်စုတစ်ခုလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၊ ဟိုပန်မြို့နယ်မှ မိုးသီးနှံပျက်စီးမှု ၄၂၂ ဧကအတွက် ထောက်ပံ့ငွေကျပ် ၄၂၂၀၀၀၀၊ ရေဘေးသင့်အိမ်ထောင်စု ၁၀၂ စုအတွက် အိမ်ထောင်စုတစ်ခုလျှင် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၀၆၀၀၀၀ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား လူမှုရေးဝန်ကြီးက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြတ်တံခွန်စာသင်တိုက်

သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေ ပရိယတ္တိသင်ကြားနေသော သံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန် ယောဂီများ တရားအားထုတ်နိုင်ရန် ပေ(၈၀×၅၀) သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ဘည်းတင်၍ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်

ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ အောင်သိဒ္ဓိလမ်းရှိ နှစ်ခန်းတွဲ ငါးထပ်တိုက်အဆောက်အအုံ၏ အခန်းအမှတ်(A-1)၊ ခေါင်းရင်းဘက်ခြမ်း၊ အမြင့် ၉ ပေ၊ အကျယ်အဝန်း(၁၉ပေ×၄၆ပေ)ရှိ တိုက်ခန်းနှင့် အခန်းအမှတ်(B-1) ခြေရင်းဘက်ခြမ်း၊ အမြင့် ၉ ပေ၊ အကျယ်အဝန်း (၁၉ပေ×၄၆ပေ)ဟုခေါ်တွင်သော တိုက်ခန်းနှစ်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အား အရှုပ်အရှင်းကင်းရှင်းကြောင်း လက်ရှိစီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဝေ ၁၂/ကမရ(နိုင်)၀၃၆၅၉၆ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L,D.M.L **ဒေါ်ရတနာနွေး LL.B, D.B.L**

တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇) **အထက်တန်းရှေ့နေ(စဉ်-၃၈၄၉၇)**

အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၃၉၄၄၁၅၊ ၀၉-၇၃၁၆၉၃၀၀၊ ၀၉-၇၃၁၅၀၆၄၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

လသာမြို့နယ်တရားရုံးတော်

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်နန်းထွေးခမ်းညွန့် နှင့် ဦးကျော်ဝင်းနိုင်

[၄င်း၏အထွေထွေကိုယ်စားလှယ်

စာရရှိသူ ဦးမျိုးညွန့်(ခ)မိုက်ကယ်ညွန့်]

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဒွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၃၂ သုံးလွှာတွင် နေထိုင်သူဖြစ်သော ဦးကျော်ဝင်းနိုင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂အရ ပဋိညာဉ်အတိုင်း ဆောင်ရွက်၍ မြေနှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၂ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်ကြီး)

မြို့နယ်တရားသူကြီး

လသာမြို့နယ်တရားရုံး

အမည်ပြောင်း

ဦးထိန်ဝင်း၏သမီး မြောက်ဥက္ကလာပမြို့နယ်၊ ACAကိုယ်ပိုင် (အထက) တက္ကသိုလ်ဝင် တန်းတွင် ပညာသင်ယူနေသော မဖြိုးရတနာဝင်းအား မမိုးဟေမာန်ဟုပြောင်းလဲခေါ်ပါရန်။ **မမိုးဟေမာန်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ၈-မိုင်၊ တိုက်အမှတ် (၁၁၀)၊ အခန်းအမှတ် (၃၅)၊ အကျယ်အဝန်း ပေ(၁၅×၅၅)ခန့်ရှိ စတုတ္ထထပ်တိုက်ခန်း ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မွန်မွန်သက် ၇/ဖမန(နိုင်)၀၀၁၄၁၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈) **ဒေါ်ဝင်းသဇင်ဦး(စဉ်-၃၁၀၀၃)** **ဒေါ်ညိုမာ(စဉ်-၃၅၇၇၆)**

LL.B, LL.M, D.B.L **LL.B, D.B.L, C.B.M** **LL.B**

တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

အမှတ်(G-1)၊ကန်တော်ကလေးလမ်း၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

သွာနုတ္တသားအဖြစ်ကြေညာ၍

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာ၊ ရပ်ကွက် (၃)၊ ဘုရားလမ်း၊ အမှတ်(၃)နေ ဒေါ်မြင့်သိန်း ၁၀/ရမန(နိုင်)၀၇၈၆၂၂၏ လွှဲအပ်ချက်အရ သားဖြစ်သူမောင်ထက်နေလင်း ၁၀/ရမန(နိုင်)၀၁၅၃၉၀သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၄င်းအား ကြေညာသည့်ရက်မှစ၍ သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးဖေမြင့် LL.B (စဉ်-၈၄၀၂) **ဦးသက်နိုင်ဦး LL.B (စဉ်-၉၇၈၅)**

တရားလွှတ်တော်ရှေ့နေများ

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၃၁

၁။ ဦးမရန်လအောင် **နှင့်** ဒေါ်လှခင်

၂။ ဒေါ်ခေါန်တောင်

တရားနိုင်များ **တရားရှုံး**

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄၁၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၄ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၈၆၊ ဦးပိုင်အမှတ် (၁-က/၂)မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်ခွဲအာရ်စီတိုက်(၁)၊ နံကပ်(၁)တပ်ဆင်ထား သောပစ္စည်းများ၊ ဧရိယာ ၀ ဒသမ ၀၇၃၄ ဧကအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၅၀၀တိတိ။

(ကျပ်သိန်း ငါးထောင့်ငါးရာတိတိ)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် ဩဂုတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ခင်လှ)

ခရိုင်တရားသူကြီး

မန္တလေးခရိုင်တရားရုံး

အများသိစေရန်နှင့်အမွေဆိုင်ပစ္စည်းထုခွဲရောင်းချခြင်းအား တားမြစ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ကွယ်လွန်သူ ဟာဂျီဦးသောင်းရီ ၁၂/မဂတ(နိုင်)၀၈၀၅၃၉၏ဇနီး ဒေါ်တင်အေး ၁၀/မလမ(နိုင်)၀၆၂၈၀၆ သမီးများဖြစ်ကြသော ဒေါ်ခင်သီတာထွေး ၁၂/မဂတ(နိုင်)၀၇၄၂၇၆၊ ဒေါ်ရတနာသောင်းလွင် ၁၂/မဂတ(နိုင်)၀၉၅၉၂၁၊ ဒေါ်အေးမြသူဇာလွင် ၁၂/မဂတ(နိုင်)၀၉၅၉၂၃၊ မခင်စုထွေး ၁၂/မဂတ(နိုင်)၀၉၅၉၂၂၊ မနှင်းဝတ်ရည် ၁၂/မဂတ(နိုင်)၀၉၅၉၂၄တို့၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ဟာဂျီဦးသောင်းရီကွယ်လွန်သည့်အခါ အောက်ပါအမွေပစ္စည်းများ ကျန်ခဲ့ပါသည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈ လမ်း၊ အမှတ် ၄၅ဟုခေါ်တွင်သည့် သုံးထပ်အဆောက်အအုံ၏အကျယ်အဝန်း ၁၅ပေ× ပေ၄၀စီရှိ မြေညီ ထပ် (ဝဲ/ယာ)ဆိုင်ခန်း (၂)ခန်း၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈ လမ်း၊ အမှတ် ၄၅ ဟုခေါ်တွင်သည့် သုံးထပ်အဆောက်အအုံ၏ အကျယ်အဝန်း ၁၅ပေ×ပေ၄၀ရှိ ပထမထပ် (ဝဲ/ယာ) အခန်း (၂)ခန်း၊

